ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်**

**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် )**

**[ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၈.၃၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးစောယွားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်

အစည်းအဝေး(၁၅)ရက်နေ့ ၂၂-၁၁-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးမျိုးထပ် (ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ Forum တက်ရောက်ရန်။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ Global Compact On Migration အစည်းအဝေး တက်ရောက်ရန်။ ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကျန်းမာရေး။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးအောင်မျိုးလတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးစောချစ်ဦး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် နှင့် ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ Forum အခမ်းအနား တက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၁၃)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ(၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြု ထားသူ(၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းအတွင်းရှိနေသော အခြေခံပညာ ကျောင်းမြေနေရာများကို သစ်တောမြေအဖြစ်မှ စွန့်လွှတ်ပြီး ပညာရေးမြေအဖြစ် ပြန်လည်ချထား ပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ စောယှားဖောင်အွာ က ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းအတွင်း ရှိနေသော အခြေခံ

ပညာကျောင်းမြေနေရာများကို သစ်တောမြေအဖြစ်မှ စွန့်လွှတ်ပြီး ပညာရေးမြေအဖြစ် ပြန်လည်ချထား ပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစောယှားဖောင်အွာ ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ မေးခွန်းများကို လာရောက်ဖြေကြားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်း လိုတဲ့ မေးခွန်းကတော့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းအတွင်း ရှိနေသော အခြေခံပညာကျောင်း မြေနေရာများအား သစ်တောမြေအဖြစ်မှ စွန့်လွှတ်ပြီး ပညာရေးမြေ အဖြစ် ပြန်လည်ချထားပေးနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်အချိန်တွင် အပြီးသတ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်တွင် သစ်တောကြိုးဝိုင်းအတွင်း ရောက်ရှိနေသော စာသင်ကျောင်းပေါင်း(၉)ကျောင်းခန့် ရှိပါတယ်။ ၎င်းစာသင်ကျောင်းများမှာ ကျွန်းချောင်းစာသင်ကျောင်း၊ ကျွန်းချောင်း SCCD ကျောင်း၊ ထီးဖာထော စာသင်ကျောင်း၊ ကိုရောင်စာသင်ကျောင်း၊ လေးဖာထောစာသင်ကျောင်း၊ မဲကဝေါ်ထီးဂေစာသင်ကျောင်း၊ မဲတကွီးစာသင်ကျောင်း၊ ထိဖိုးကော်စာသင်ကျောင်းနှင့် မဲသရောစာသင်ကျောင်းများသည် သစ်တော ကြိုးဝိုင်းအတွင်း ရောက်ရှိနေတာလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါက မဲသရော စာသင်ကျောင်းရဲ့ အနေအထားဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းထဲမှာ ရောက်နေတာ ဖြစ်ပါတယ်။ ဒါက ထိဖိုးကော်စာသင်ကျောင်း ဖြစ်ပါတယ်။ ဒါလည်း သစ်တောကြိုးဝိုင်းထဲမှာ ရှိနေတာ ဖြစ်ပါတယ်။ မဲတကွီးစာသင်ကျောင်း မြေနေရာနဲ့ စာသင်ကျောင်းအခြေအနေတွေ ဖြစ်ပါတယ်။ ဒါလည်း သစ်တော ကြိုးဝိုင်းထဲမှာပဲ ရှိပါတယ်။ ဒါ မဲကဝေါ်ထီးဂေစာသင်ကျောင်း ဖြစ်ပါတယ်။ သစ်တော ကြိုးဝိုင်းအထဲ မှာပဲ ရှိနေပါသေးတယ်။

လေးဖာထော၊ ဒါက လေးဖာထော လို့ခေါ်တဲ့ ထီးဂဟေစာသင်ကျောင်း ဖြစ်ပါတယ်။ လေးဖာထောကျွန်းချောင်းလို့လည်း ခေါ်ပါတယ်။ ဒါက ကျွန်တော်တို့ သစ်တောကြိုးဝိုင်းထဲမှာ ရှိနေတာ ဖြစ်ပါတယ်။ ဒါက ထီးဖာထော သီးသန့်ကျောင်းလေး ဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းထဲမှာပါ။ ဒါက ကျွန်းချောင်းက ဒါ ကိုယ်ထူကိုယ်ထမူကြိုကျောင်းလေး ဖြစ်ပါတယ်။ ဒါက ကျွန်းချောင်း၊ အခြေခံပညာ မူလတန်းကျောင်းလေး ဖြစ်ပါတယ်။ ဒါ ကိုရောင်စာသင်ကျောင်း ဖြစ်ပါတယ်။ ကိုရောင်စာသင်ကျောင်း ကိုတော့ ဓာတ်ပုံမရိုက်ဖြစ်တဲ့အတွက် Power Point ထဲမှာ မပါပါဘူး။ ကျေးဇူးတင်ပါတယ်။

သစ်တောကြိုးဝိုင်းအတွင်း ရောက်ရှိနေတဲ့ စာသင်ကျောင်းများအနေဖြင့် စာသင်ကျောင်း ပိုင်မြေမရှိသဖြင့် ကျောင်းအဆင့်တိုးမြှင့်ရန်၊ လျှောက်ထားရန်၊ စာသင်ကျောင်း အဆောက်အအုံ


လျှောက်ထားရန် သတ်မှတ်စံချိန်စံညွှန်းနှင့် မကိုက်ညီသောကြောင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှာထားတင်ပြတောင်းခံနိုင်ခြင်း မပြုနိုင်ပါ။ ထိုစာသင်ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများအတွက် အနာဂတ်ပညာရေး တိုးတက်နိုင်ရန်နှင့် ပညာရေးလုံခြုံ ကောင်းမွန်စွာ သင်ကြားနိုင်ရန် လိုအပ်လျက်ရှိနေပါတယ်။ ၎င်းစာသင်ကျောင်းများအတွက် ယခုမှ ဖြစ်ပေါ်လာခြင်း မဟုတ်ပါ။ အစိုးရ အဆက်ဆက်တွင် တည်ရှိခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ယခုအခါ အေးချမ်းနေပြီဖြစ်သော ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဖော်ပြပါ စာသင်ကျောင်း(၉)ကျောင်းအား သစ်တောကြိုးဝိုင်းမြေအဖြစ်မှ စွန့်လွှတ်ပြီး ပညာရေးမြေအဖြစ် ပြန်လည်သတ်မှတ်ပေးရန် လိုအပ်လျက်ရှိနေပါတယ်။ သို့ပါသောကြောင့် ဖော်ပြပါစာသင်ကျောင်းများ အတွင်း ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသားများကိုယ်စား အထက်ပါမေးခွန်းများအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)


ထိဖိုးကော် စာသင်ကျောင်း မြင်ကွင်းပုံ (၁)



လေးဖာထော (ခ) ထီးဂေစာသင်ကျောင်း မြင်ကွင်းပုံ (ဝ-၁)




ကျွန်းချောင်း စာသင်ကျောင်း မြင်ကွင်းပုံ (ဝ-၂)



**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးအုန်းဝင်း(ပြည်ထောင်စုဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောယှားဖောင်အွာ ရဲ့ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီး မြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းအတွင်းရှိနေသော အခြေခံပညာကျောင်း မြေနေရာများကို သစ်တောမြေအဖြစ်မှ စွန့်လွှတ်ပြီး ပညာရေးမြေအဖြစ် ပြန်လည်ချထားပေးနိုင်ရေး ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ကျွန်တော် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

ကျွန်တော့်အား Power Point တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော် ဒါ Power Point မှာကတော့ ၁၉၉၂ ခုနှစ်၊ သစ်တောဥပဒေ အခန်း(၃) ၊ ပုဒ်မ ၇ ၊ ပုဒ်မခွဲ(က)နှင့် (ခ)တွေကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ဒါကတော့ ဒီကြိုးဝိုင်းတွေ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်ကြောင်း ဖော်ပြထားပါတယ်။ အဲဒီနည်းတူပဲ ကျွန်တော်တို့ ဒီပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၁၆-၅-၂၀၁၆ ရက်စွဲပါ စာအမှတ်အရ ဒီမှာ တင်ပြထားပါတယ်။ Power Point မှာ အဲဒီတော့ “ဒေသဖွံ့ဖြိုးရေးစီမံကိန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သစ်တော မြေများ အပါအဝင် မြေအမျိုးအစားအလိုက် မြေအသုံးချမှုနှင့်ပတ်သက်၍ တင်ပြခွင့်ပြုချက် ရယူပြီး ခွင့်ပြုချက်ရရှိမှသာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားရန်”လို့ ကျွန်တော်တို့ကို အကြောင်းကြားထားတာ ရှိပါတယ်ခင်ဗျား။

ဒီမတိုင်မီလည်းပဲ ကျွန်တော်တို့ ၂၀၁၃ ခုနှစ်မှာ Power Point မှာ ကျွန်တော်တင်ပြထားတဲ့အတိုင်း အိမ်ခြေ(၅၀)၊ (၅၀) နှင့်အောက်၊ (၅၀)နှင့်အထက် ပြန့်ကြဲ၊ ကျွန်တော်တို့ ဒီဟာတွေကို၊ ဒီကြိုးဝိုင်းထဲမှာရှိနေတဲ့ အိမ်ခြေများကိုလည်းပဲ ကျွန်တော်တို့ ကြိုးဝိုင်းထဲကနေပြီးတော့ ဖျက်သိမ်းပြီးတော့ ရွာမြေ၊ လယ်မြေ၊ သာသနာ့မြေ၊ အများပိုင်မြေများကိုလည်းပဲ ကျွန်တော်တို့ ပေးလျက်ရှိပါတယ်။ အခု ကျွန်တော်တို့ ဒီ ကိုယ်စားလှယ်တော်ကြီး တင်ပြလိုက်တဲ့ ကြာအင်းဆိပ်ကြီးမြို့နယ်မှာ ကြည့်မယ်ဆိုရင်ကတော့ ကျွန်တော် ကြိုးဝိုင်းမှာ၊ ကျွန်တော် ခုနက Power Point မှာတင်ပြတဲ့ အတိုင်းပါပဲ။ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော စုစုပေါင်း(၂၆)ခု ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကြိုးဝိုင်း

(၄)ခုအတွင်းမှာ ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၅၀)အထက် ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့က ပယ်ဖျက်တဲ့ မြေဧကပေါင်းကတော့ (၂၄၈.၆၂)ဧက ရှိပါတယ်။

ဆက်လက်ပြီးတော့ ကိုယ်စားလှယ်တော်ကြီးရဲ့ ခုနက ကျောင်းတွေနှင့် ပတ်သက်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ကရင်ပြည်နယ်အစိုးရရဲ့ ညွှန်ကြားချက်အရ ကျွန်တော် စစ်ဆေး နိုင်ခဲ့တဲ့ ကျောင်းများနှင့် ပတ်သက်ပြီးတော့ ဒီ ကြည့်မယ်ဆိုရင် ဒါလီကြိုးဝိုင်း၊ တင်ရာကာ ကြိုးဝိုင်း၊ နတ်ချောင်း ကြိုးဝိုင်းထဲမှာ ကျွန်တော်တို့ ကျောင်း(၃)ကျောင်း ပါတယ်။ မဲသရောကျေးရွာ၊ ပလောဇာ ထောကျေးရွာ၊ ဆင်ဘုတ်အင်းကျေးရွာ အခြေခံပညာကျောင်း ဖြစ်ပါတယ်။ နယ်မြေအခြေအနေအရ စစ်ဆေးနိုင်မှု မရှိတဲ့ကျောင်းကတော့ ကျွန်တော် တင်ပြထားသလိုပါပဲ။ ဒီ ကြိုးဝိုင်း၊ ဒီ ထီးဖာတော ကျေးရွာ၊ ထီးခိုင်ကျေးရွာ၊ ကိုရောင်ကျေးရွာ၊ ဇီးပင်ကျေးရွာ၊ ကြိမ်ချောင်းကျေးရွာ၊ ကျွန်းချောင်း ကျေးရွာနှင့် ကိုင်းတောကျေးရွာ ဖြစ်ပါတယ်။ ဒါတွေကတော့ ကြိုးဝိုင်း(၆)ခုနှင့် ကြိုးပြင်ကာကွယ်တော အတွင်းမှာ ကျရောက်နေတဲ့ကျောင်းများ ဖြစ်ပါတယ်ခင်ဗျား။

ခုနက ကိုယ်စားလှယ်တော်ကြီးရဲ့ တင်ပြတဲ့ကျောင်း(၉)ကျောင်းကို ကျွန်တော် ဆက်လက်ပြီး တင်ပြပါမယ်ခင်ဗျား။ အဲဒီမှာ ထိဖိုးခေါ်ကတော့ သစ်တောနယ်မြေအတွင်းမှာ ကျရောက် ခြင်းမရှိပါဘူး။ ဒါကတော့ ကျွန်တော်တို့နှင့် မပတ်သက်တဲ့အတွက်ကြောင့်မို့လို့ ဒါကတော့ သီးခြား ဆောင်ရွက်လို့ရပါတယ်။ အဲ့ထဲမှာတော့ ကျွန်တော်တို့ စာရင်းကောက်ယူတဲ့အခါမှာ ဒါလီ ကြိုးဝိုင်း ထဲမှာကျနေတဲ့ မဲသရောကျောင်းကတော့ (၀.၇၂)ဧကရှိကြောင်း ကျွန်တော်တို့ တိုင်းတာသိရှိရပါတယ်။ ကျန်ခဲ့တဲ့ကျောင်း ကျွန်တော်တို့ (၇)ကျောင်းကတော့ လုံခြုံရေးအခြေအနေအရ စစ်ဆေးနိုင်မှု မရှိခဲ့ သေးပါဘူး။

အဲဒီတော့ သစ်တောကြိုးဝိုင်းထဲမှာ ကျနေမယ်ဆိုလို့ရှိရင် ကျရောက်လျက်ရှိတဲ့ ခုနက တင်ပြထားတဲ့ အခြေခံပညာကျောင်း(၈)ကျောင်း ဆောက်လုပ်ရန်အတွက် မြေနေရာ လိုအပ်လို့ရှိရင် ကတော့ ပညာရေးဝန်ကြီးဌာနနှင့် ကျွန်တော်တို့ စိစစ်ပြီးမှ ပြည်ထောင်စုအစိုးရအဖွဲ့ကို လျှောက်ရန် ဖြစ်ပါတယ်။ ဒီ နိုင်ငံတော်ရန်ပုံငွေနှင့် တည်ဆောက်ထားတဲ့ကျောင်း ဖြစ်လို့ရှိရင်ကတော့ ပြောင်းလဲလာတဲ့ မြေအသုံးချမှု မူဝါဒအရ မြေတည်နေရာ အတည်ပြုချက်၊ ခွင့်ပြုချက်၊ အသုံးပြုချက်များ ရရှိပြီးမှ ဆောက်လုပ်ရန် ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားတဲ့ အခြေခံပညာကျောင်း (၉)ကျောင်း တည်ဆောက်ထားတဲ့ မြေနေရာဟာ ခွင့်ပြုချက်မရသေးပါက အထက်ပါ လုပ်ထုံးလုပ်နည်း အတိုင်း သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနကတစ်ဆင့်နေပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်ရိုက်လျှောက်ထားရမှာ ဖြစ်ပါတယ်။

သစ်တောမြေမှာ ကျရောက်နေတဲ့ ခုနက ကျွန်တော်ပြောတဲ့ ထိဖိုးကော် စာသင်ကျောင်း ကတော့ သစ်တောမြေနဲ့ မဆိုင်တဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ မြေစာရင်းဦးစီးဌာနနှင့် ဆက်သွယ်ပြီးတော့ ဆောင်ရွက်လို့ရပါတယ်ခင်ဗျား။ ဒီမှာနဲ့ ပတ်သက်လို့ ကျွန်တော် နည်းနည်းပိုရှင်းပြရဦးမယ်ဆိုလို့ရှိရင် ကျွန်တော် Power Point မှာတင်ပြထားပါတယ်။ ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တော သစ်တောနယ်မြေများအတွင်းမှာ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့

မြေအသုံးချမှုများ ပြုလုပ်လို့ရှိရင်ကတော့ သက်ဆိုင်ရာ ပညာရေးဆိုလို့ရှိရင်၊ ဥပမာ ကျောင်းဆောက်မယ်ဆိုရင် ပညာရေးဝန်ကြီးဌာနပေါ့ခင်ဗျား။ ဆေးရုံဆောက်မယ်ဆို ကျန်းမာရေးဝန်ကြီးဌာန။ အဲဒီသက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရတွေကနေပြီးတော့ ကျွန်တော်တို့ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ကျွန်တော်တို့ သဘောထားမှတ်ချက် တောင်းခံဖို့အတွက် တင်ပြရပါတယ်။

အဲဒီလို တင်ပြလို့ရှိရင် ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို သဘောထားမှတ်ချက် ကျွန်တော်တို့ဆီကို တောင်းခံပါတယ်။ တောင်းခံတဲ့အခါကျတော့ ကျွန်တော်တို့က ဒီမြေပိုင်ဖြစ်တဲ့ သစ်တောဦးစီးဌာနကို ကျွန်တော်တို့က ကွင်းဆင်းပြီးတော့ သဘောထားမှတ်ချက် တင်ပြပါဆိုပြီးတော့ ကျွန်တော်တို့က ပြန်ပြီးတော့ စေလွှတ်ပါတယ်။ အဲဒီအခါမှာ သူတို့ကွင်းဆင်းပါတယ်။ ကွင်းဆင်းပြီး ကျွန်တော်တို့ ဝန်ကြီးဌာနကို ပြန်လည်တင်ပြရပါတယ်။ အမှတ်စဉ်(၅)ပါ။ အမှတ်စဉ်(၆)ကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနက တင်ပြလာတဲ့အပေါ်မှာမူတည်ပြီးမှ သဘောထားမှတ်ချက်ကို ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ကျွန်တော်တို့ပြန်ပြီးတော့ပေးပို့ပါတယ်။ အဲဒီအမှုတွဲကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီကို တင်ပြပါတယ်။ အဲဒီလို တင်ပြပြီးတော့မှ အဲဒီကနေပြီးတော့ ဆုံးဖြတ်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့ကျောင်းများ ရရှိရန်အတွက်ကိုတော့ ခုန ကျွန်တော် တင်ပြသလိုပါပဲ။ ပညာရေးဝန်ကြီးဌာနကနေပြီးတော့တစ်ဆင့် ခုနက ကျွန်တော်တို့ ဒီပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြပြီးတော့ ဆောင်ရွက်လို့ရှိရင်ကတော့ အဆင်ပြေနိုင်ပါကြောင်း ကျွန်တော့်အနေနှင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သော ပြစ်မှုတို့ကို တရားစွဲဆိုရာတွင် ဆင်းရဲနွမ်းပါး၍ ရှေ့နေ မငှားနိုင်သော တရားခံများအတွက် (Dock brief)ကို တရားရုံးတော်က နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေ ငှားရမ်းပေးသည့်အခါ ရှေ့နေလိုက်ပါ ဆောင်ရွက်ခနှုန်းထားမှာ လာရောက်သက်သေခံသည့် သက်သေအားပေးသည့် နေ့တွက်စရိတ်ထက် များစွာလျော့နည်းနေပါသဖြင့် တိုးမြှင့်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သောပြစ်မှုတို့ကို တရားစွဲဆိုရာတွင် ဆင်းရဲနွမ်းပါး၍ ရှေ့နေ မငှားနိုင်သော တရားခံများအတွက် (Dock brief)ကို တရားရုံးတော်က နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေ ငှားရမ်းပေးသည့်အခါ ရှေ့နေလိုက်ပါဆောင်ရွက်ခ နှုန်းထားမှာ လာရောက် သက်သေခံသည့်

သက်သေအား ပေးသည့် နေ့တွက်စရိတ်ထက် များစွာလျော့နည်းနေပါသဖြင့် တိုးမြှင့်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပညာဟာ အကျင့် သိက္ခာနှင့် ပြည့်စုံသောပညာရပ် ဖြစ်တယ်။ The Legal Profession is A Noble Profession လို့ ပညာရှင်တွေက မိန့်ဆိုထားတာ ရှိပါတယ်။ အဲဒီဥပဒေပညာနှင့် အသက်မွေးဝမ်းကျောင်းပြုနေတဲ့ လူတွေကတော့ တရားသူကြီးတွေ၊ ဥပဒေဝန်ထမ်းတွေနဲ့အတူ ရှေ့နေ၊ ရှေ့ရပ်များလည်း အပါအဝင် ဖြစ်ပါတယ်။ ရှေ့နေဆိုတာက အပြစ်မဲ့တဲ့ တရားခံတွေအတွက် ခံတပ် သို့မဟုတ် ဒိုင်း ဖြစ်ပြီးတော့၊ အပြစ်ရှိတဲ့ တရားခံတွေအတွက်တော့ ကြာပွတ်လို့လည်း ဆိုကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ခရိုင်တရားရုံးတွေမှာ စွဲပြီးတော့ တင်ပို့လာတဲ့အမှုတွေနှင့် သေဒဏ်တို့၊ တစ်သက်တစ်ကျွန်းဒဏ်တို့ ထိုက်သင့်တဲ့ပြစ်မှုတွေအတွက် တရားခံဘက်က ဆင်းရဲ နွမ်းပါးလို့ ရှေ့နေမငှားနိုင်ဘူးလို့ ဆိုလို့ရှိရင် သက်ဆိုင်ရာတရားရုံးကနေပြီးတော့ ခရိုင်ဥပဒေအရာရှိ ကနေတစ်ဆင့် (Dock brief) အမှုသတ်မှတ်ပြီးတော့ နိုင်ငံတော်စရိတ်နှင့် ရှေ့နေငှားရမ်းပေးတဲ့ အခါမှာ ကျွန်တော်တို့ ရှေ့နေတွေက လိုက်ပါဆောင်ရွက်ရတာ ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ အရင်တုန်းက ပြစ်မှုကိုယ်စားလှယ်လွှဲစာ တင်တယ်ပေါ့။ ပါဝါတင်တယ်ဆိုလို့ရှိရင် အဲဒီနေ့မှာ (၇၅)ကျပ် ပေးပါတယ်။ နောက်ရက်တွေမှာတော့ အမှုစစ်တဲ့နေ့တိုင်းမှာ တစ်ရက်ကို (၅၀)ကျပ်နှုန်း ပေးတာကို တွေ့ရပါတယ်။ ကျွန်တော်တို့လည်း လိုက်ပါဆောင်ရွက်ခဲ့ဖူးတာ ရှိပါတယ်။

အဲဒီလိုပေးနေတဲ့အချိန်ကမှ ကျွန်တော်တို့ ကျန်ခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကနေ စပြီးတော့ ရှေ့နေချုပ်ရုံးရဲ့ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)အရ ဒီ လိုက်ပါဆောင်ရွက်တဲ့ရှေ့နေ တွေအတွက် ပါဝါတင်တဲ့နေ့မှာ (၂၀၀၀)ကျပ်နှုန်း၊ နောက် အမှုစစ်တဲ့နေ့တွေမှာ (၁၅၀၀)ကျပ်နှုန်းနှင့် ပေးတယ်ဆိုပြီးတော့ ဒါလည်း တင်ပြသိရှိရပါတယ်။ ဒီနေ့ခေတ်မှာတော့ လုပ်အားခကို အနိမ့်ဆုံး အဖြစ်နဲ့ (၃၆၀၀)ကျပ် သတ်မှတ်ထားတဲ့အချိန်မှာ တရားရုံးကိုလာပြီးတော့ သက်သေခံတဲ့ သက်သေ တွေအတွက် သွားအသွား၊ အပြန် ခရီးစရိတ်အပြင်မှာ (၃၆၀၀)ကျပ် ရရှိနေတဲ့အချိန်မှာမှ အမှုကို လိုက်ပါ ဆောင်ရွက်တဲ့ ရှေ့နေက တစ်နေ့မှ (၁၅၀၀)ကျပ်သာ ရရှိနေတဲ့အနေအထားဟာ ဒါ မသင့်တော်တဲ့ အနေအထားလို့ ယူဆရတဲ့အနေအထား ဖြစ်ပါတယ်။

DB မှုအတွက် ရှေ့နေငှားရမ်းခ တစ်နေ့ (၁၅၀၀)ကျပ်ပေးနေတဲ့အတွက် ရုံးချိန်းတစ်ချိန်းမှာ သက်သေ(၄)ဦးလောက်ကို တစ်နေ့တည်းပြီးအောင် စစ်ဆေးတယ်။ အဲဒီမှာပဲ ရုံးချိန်း(၄)ချိန်းလောက်နဲ့ အမှုကိုပြတ်သွားတဲ့ အနေအထားမျိုးရှိတယ်။ ရတာလည်း ဘယ်လောက်မှမရဘူး။ ဒါကြောင့်မို့လို့ တင်ပြလာတဲ့ အနေအထားအရဆိုလို့ရှိရင် ရှေ့နေခကို လုပ်အားနှင့်လျော်ညီတဲ့ အနေအထားနဲ့ ရှေ့နေ

ပါဝါတင်တဲ့နေ့မှာ (၂၀၀၀၀)ကျပ်နှုန်းနဲ့ အမှုစစ်တဲ့နေ့တွေမှာ တစ်ရက်ကို (၁၅၀၀၀)ကျပ်နှုန်းလောက် ရသင့် တယ်လို့ တင်ပြလာတာ ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းလိုတာကတော့ သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ် ထိုက်သင့်တဲ့ပြစ်မှုတွေကို တရားရုံးမှာ တရားစွဲဆိုတဲ့အခါမှာ ဆင်းရဲနွမ်းပါး၍ ရှေ့နေမငှားနိုင်တဲ့ တရားခံ တွေအတွက် (Dock Brief) အမှုကို တရားရုံးတော်က နိုင်ငံတော်စရိတ်နှင့် ရှေ့နေငှားရမ်းပေးတဲ့ အခါမှာ ရှေ့နေလိုက်ပါဆောင်ရွက်ခ နှုန်းထားများဟာ လာရောက်သက်သေခံတဲ့ သက်သေများက ပေးနေတဲ့ နေ့တွက်စရိတ်ထက် များစွာလျော့နည်းနေတဲ့အပေါ်မှာ DB မှုအတွက် ရှေ့နေခနှုန်းထား များကို တိုးမြှင့်ပြင်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး ဒုတိယရှေ့နေချုပ်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဝင်းမြင့် (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့် ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း က သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ် ထိုက်သောပြစ်မှုကို တရားစွဲဆိုရာမှာ ဆင်းရဲနွမ်းပါး၍ ရှေ့နေမငှားနိုင်သော တရားခံများအတွက် (Dock brief) ကို တရားရုံးတော်က နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေငှားရမ်းပေးသည့်အခါ ရှေ့နေလိုက်ပါ ဆောင်ရွက်ခနှုန်းထားမှာ လာရောက်သက်သေခံတဲ့ သက်သေ အားပေးသည့် နေ့တွက်စရိတ်ထက် များစွာလျော့နည်းနေခြင်းအပေါ် ရှေ့နေခနှုန်းထားများအား တိုးမြှင့် ပေးရန် ရှိ/မရှိ သိရှိလိုခြင်းနှင့်ပတ်သက်လို့ ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၂၀၁၀ ပြည့်နှစ်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရဲ့ ပြဋ္ဌာန်းခဲ့တဲ့ဥပဒေအရ ရှေ့နေချုပ် နည်းဥပဒေသည် ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံး အဆင့်ဆင့်ဟာ သေဒဏ်ထိုက်သင့်တဲ့ပြစ်မှုကို ကျူးလွန်သော စွပ်စွဲခံရတဲ့ ဆင်းရဲနွမ်းပါးတဲ့ တရားခံ အတွက် လိုက်ပါဆောင်ရွက်မှု ရှေ့နေများငှားရမ်းပေးတဲ့ တာဝန်ကို ဆောင်ရွက်ရပါတယ်။ ရှေ့နေငှားခနှင့် စပ်လျဉ်းပြီးတော့ ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှာ တရားရေးဝန်ကြီးဌာန၏ "ဂျီ" ဆာကြူလာ (၁၇)ကို ရည်ညွှန်းပြီးတော့ တရားရုံးများလက်စွဲ အပိုဒ်(၄၅၇)၊ အပိုဒ်ခွဲ(၆)မှာ တရားရုံးချုပ်မှာ ပထမနေ့အတွက် (၇၅)ကျပ်၊ နောက်နေ့အသီးသီးအတွက် (၅၀)ကျပ်ကိုလည်းကောင်း၊ စက်ရှင်တရားရုံး သို့မဟုတ် သေဒဏ်စီရင်ပိုင်ခွင့်ရှိတဲ့ အခြားရုံး၊ ခုံရုံးအမှုဟာဆိုရင် တစ်မှုအတွက် (၅၀)ကျပ်ကို

လည်းကောင်း အမှုကို လက်ခံသည့်နှင့်တစ်ပြိုင်နက် ပေးရမယ်။ နှစ်ရက်ထက်ပိုပြီးတော့ လာရောက်တဲ့ နေ့တွေမှာ နောက်ထပ်အခကြေးငွေ တစ်နေ့မှာ (၂၅)ကျပ် ပေးရမယ်လို့ စတင်သတ်မှတ်ခဲ့ပါတယ်။

နောက်ပိုင်းမှာ ကျွန်တော်တို့ ဒီ ရှေ့နေချုပ်ရုံးက ၁၉၉၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁/၉၃)ထုတ်ပြန်ပြီးတော့ တရားရုံးချုပ်မှာ အမှုလိုက်ပါဆောင်ရွက်တဲ့ အမှုနှင့် ပတ်သက်ပြီးတော့ ပထမနေ့အတွက် (၁၀၀)ကျပ်၊ ဆက်လက်ပြီးတော့ လိုက်ပါတဲ့နေ့တွေအတွက် (၇၅)ကျပ်၊ သေဒဏ်စီရင်ပိုင်ခွင့်ရှိတဲ့ တရားရုံး သို့မဟုတ် ခုံရုံးမှာ လိုက်ပါဆောင်ရွက်တဲ့ အမှုအတွက် ပထမနေ့မှာ (၇၅)ကျပ်၊ ဆက်လက်လိုက်ပါတဲ့နေ့အတွက် တစ်နေ့မှာ (၅၀)ကျပ် ပြင်ဆင်သတ်မှတ်ပြီးတော့ ဒီဘဏ္ဍာရေးနှစ်စဖြစ်တဲ့ ၁၉၉၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကနေ စတင်ပြီးတော့ ကျင့်သုံးပြီးတော့ သတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့မှာ အုတ်တွင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် က မေးမြန်းခဲ့တာကြောင့် ဘယ်လိုမေးလဲဆိုတော့ သေဒဏ်ထိုက်သင့်တဲ့ပြစ်မှုအတွက် တရားခံများဘက်မှ လိုက်ပါဆောင်ရွက်ရန် ရှေ့နေငှားရမ်းစရိတ်ကို တိုးမြှင့်ခြင်း ရှိ/မရှိဆိုတဲ့ အလားတူမေးခွန်းကို မေးမြန်းခဲ့ပါတယ်။

အဲဒီအခါမှာ ဒုတိယရှေ့နေချုပ်က ရှေ့နေငှားရမ်းစရိတ်ကို တိုးမြှင့်သတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီးတော့ ကျွန်တော်တို့ ဒီ ပြည်ထောင်စုရှေ့နေချုပ်က သက်ဆိုင်ရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို သဘောထားတောင်းခံပြီးတော့ အစိုးရအဖွဲ့ သဘောတူညီချက်နှင့် ရှေ့နေခနှုန်းထားကို ပြန်လည်ပြီးတော့ ပြင်ဆင်ခဲ့ပါတယ်။ အဲဒီအခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၂၀၁၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှာ အမိန့်ကြေညာစာအမှတ် (၁/၂၀၁၃)ထုတ်ပြန်ပြီးတော့ ပထမနေ့အတွက် (၂၅၀၀)ကျပ်၊ ဆက်လက်လိုက်ပါသောနေ့အတွက် တစ်နေ့ကို (၂၀၀၀)ကျပ်၊ သေဒဏ်စီရင်ပိုင်ခွင့်ရှိတဲ့ တခြားတရားရုံး ခုံရုံးမှာ လိုက်ပါမယ်ဆိုရင်တော့ ပထမနေ့အတွက်(၂၀၀၀)ကျပ်၊ ဆက်လက်လိုက်ပါသောနေ့အတွက် (၁၅၀၀)ကျပ်နှုန်း ပြင်ဆင်သတ်မှတ်ပြီးတော့ ဘဏ္ဍာရေးနှစ်အစဖြစ်တဲ့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကနေ စတင်ကျင့်သုံးခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာရှိတဲ့ ကျွန်တော်တို့ ကုန်ကျစရိတ်ကို ကြည့်တဲ့အခါမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ ဘတ်ဂျက်ထဲက သေဒဏ်ထိုက်သင့်တဲ့ ပြစ်မှုနဲ့စွဲခံရတဲ့ ဆင်းရဲနွမ်းပါးတရားခံများအတွက် ရှေ့နေငှားရမ်းခ ကျပ်(၇)သန်းခန့် ကျခံသုံးစွဲခဲ့ကြောင်း သိရှိရပါတယ်။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ၁၉၉၃ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၁၅/၁၉၉၃)နှင့် နေ့စားအလုပ်သမားတစ်ယောက်ရဲ့ တစ်နေ့ဝင်ငွေ တစ်နေ့လုပ်ခကို (၁၅)ကျပ်မှ (၂၀)ကျပ်ကို လည်းကောင်း ၂၀၀၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၀၀) နဲ့ နေ့စားအလုပ်သမား တစ်ယောက်လုပ်ခကို (၂၀)ကျပ်ကနေပြီးတော့ (၁၀၀)ကျပ်ကိုလည်းကောင်း တိုးမြှင့်ပြီးတော့ သတ်မှတ်ခဲ့ ရပါတယ်။

၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၅၄၄/၂၀၁၃) နှင့် နေ့စားအလုပ်သမားတစ်ယောက်ရဲ့ တစ်နေ့လုပ်ခဟာ (၁၁၀၀)ကျပ်ကနေပြီးတော့ (၁၇၀၀)ကျပ်ကိုလည်းကောင်း

၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် (၃၀၀၆/၂၀၁၅)နှင့် တစ်နေ့လုပ်ခ (၃၀၀၀)ကျပ်ကနေပြီးတော့ (၃၆၀၀)ကျပ်အထိ အဆင့်ဆင့် တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်က နေ့စားအလုပ်သမားတစ်ယောက်ရဲ့ လုပ်ခဝင်ငွေ(၂၀)ကျပ်လို့ သတ်မှတ်သည့်အချိန်မှာ ရှေ့နေငှားရမ်းခ (၅၀)ကျပ်ကနေပြီးတော့ (၁၀၀)ကျပ် သတ်မှတ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ် နေ့စားအလုပ်သမားတစ်ယောက်ရဲ့ တစ်နေ့ လုပ်ခ (၁၇၀၀)ကျပ် သတ်မှတ်ထားတဲ့အချိန်မှာ ရှေ့နေငှားရမ်းခ (၁၅၀၀)ကျပ်မှ (၂၅၀၀)ကျပ်အထိ သတ်မှတ်ခဲ့တာကို လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့် ကျွန်တော် ဒီ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမှာ ဖော်ပြထားတဲ့အတိုင်း သေဒဏ် ထိုက်သင့်တဲ့ ပြစ်မှုနဲ့ စွပ်စွဲခံရတဲ့ ဆင်းရဲနွမ်းပါးတဲ့ တရားခံအတွက် အစိုးရစရိတ်နဲ့ ငှားရမ်းပေးသော ရှေ့နေခ အခကြေးငွေနှုန်းထားဟာ လက်ရှိနေ့စားအလုပ်သမားရဲ့ တစ်နေ့လုပ်ခ၊ သက်သေကိုပေးတဲ့ နေ့တွက်စရိတ်(၃၆၀၀)ကျပ်နှင့် နှိုင်းယှဉ်မယ်ဆိုရင် တိုးမြှင့်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် သင့်တော်တဲ့ အခကြေးငွေ တိုးမြှင့်သတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်နှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**လုပ်ခလစာအလိုက် လစဉ်ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံငွေ ပေးသွင်းနေရသော်လည်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်သည့် လူမှုဖူလုံရေး ဆေးခန်းများအနေဖြင့် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်စေရန် မည်သို့မည်ပုံ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာ ဇော်လင်းထွဋ် က လုပ်ခလစာအလိုက် လစဉ် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံငွေ ပေးသွင်းနေရသော်လည်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်သည့် လူမှုဖူလုံရေးဆေးခန်းများအနေဖြင့် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်စေရန် မည်သို့မည်ပုံ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုသော မေးခွန်းမှာ လုပ်ခလစာအလိုက် လစဉ် ကျန်းမာရေးနှင့်လူမှုရေး စောင့်ရှောက်မှု အာမခံငွေ ပေးသွင်းနေရသော်လည်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု မပေးနိုင်သည့်

လူမှုဖူလုံရေးဆေးခန်းများအနေဖြင့် ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်စေရန် မည်သို့မည်ပုံ စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှုဖူလုံရေးစီမံကိန်းကို ၁၉၅၄ ခုနှစ်တွင် လူမှုဖူလုံရေး အက်ဥပဒေ အရ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်တွင် ခေတ်စနစ်နှင့် လျော်ညီစေရန် လူမှုဖူလုံရေး ဥပဒေအား ပြန်လည်ပြင်ဆင်ရေးဆွဲ၍ ၂၀၁၄ ခုနှစ်မှ စတင်ကာ အကောင်အထည်ဖော် ကျင့်သုံးနေပြီ ဖြစ်ပါတယ်။ လူမှုဖူလုံရေးစီမံကိန်း၏ အဓိက ရည်ရွယ်ချက်မှာ မီးဖွားမှု၊ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုတို့ကြောင့် လုပ်ခဝင်ငွေ လျော့နည်းခြင်း၊ ရပ်စဲခြင်းများ ဖြစ်ပေါ်သည့် အခါ အလုပ်သမားများနှင့် ၎င်းအပေါ် မှီခိုနေရသော မိသားစုဝင်တို့အား စီးပွားရေး၊ လူမှုရေးဒုက္ခများ ခံစားရခြင်းတို့မှ ကာကွယ်ပေးရန် ဖြစ်ပါတယ်။ စာရင်းဇယားများအရ မြို့နယ်အသီးသီးတွင် လူမှု ဖူလုံရေး ဆေးခန်း(၉၅)ခန်းရှိပြီး အာမခံစနစ်(၉)ခုနဲ့ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံ စနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်၊ အလုပ်ခွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ် (၃)မျိုးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလူမှုဖူလုံရေးအသင်း(ISSA)တွင်လည်း အဖွဲ့ဝင်တစ်နိုင်ငံဖြစ်ကြောင်း သိရှိရပါတယ်။ လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၆ ခုနှစ်အထိ လူမှုဖူလုံရေး စိစစ်ရေးကတ်ပြား (၁)သန်းနီးပါး ထုတ်ပေးနိုင်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ မြို့နယ်များရှိ လူမှု ဖူလုံရေး ဆေးခန်းများတွင် ကုသ၍မနိုင်သော အာမခံအလုပ်သမားများအား ခုတင်(၂၅၀)ဆံ့ အလုပ်သမား ဆေးရုံကြီး၊ ခုတင်(၁၅၀)ဆံ့ မန္တလေးအလုပ်သမားဆေးရုံကြီးနှင့် ခုတင်(၁၀၀)ဆံ့ ထန်းတပင်အလုပ်သမား ဆေးရုံကြီးသို့ ပို့ဆောင်ကုသစေကြောင်း သိရှိရပါတယ်။ လစဥ်လုပ်ခ လစာအလိုက် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံအတွက် အလုပ်သမားတစ်ဦးလျှင် (၃)ရာခိုင်နှုန်း၊ အလုပ်ရှင်(၂)ရာခိုင်နှုန်း စုစုပေါင်း(၅)ရာခိုင်နှုန်း ပေးဆောင်ရကြောင်း သိရှိရပါတယ်။

ထိုသို့ လစဥ်ပေးဆောင်နေသော်လည်း အလုပ်သမားများအနေဖြင့် လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများအတွက် ပြင်ပဆေးကုခန်းများ သက်ဆိုင်ရာ မြို့နယ်ဆေးရုံများတွင် မိမိတို့စရိတ်ဖြင့်သာ တက်ရောက်ကုသနေရကြောင်း တွေ့ရှိရပါတယ်။ လူမှုဖူလုံရေးဆေးခန်းများမှာ ခွင့်ယူရန်အတွက်သာ သွားရောက်ပြသနေရကြောင်း တွေ့ရှိရပါတယ်။ လူမှုဖူလုံရေးဆေးခန်းများတွင် လိုအပ်သော ဝန်ထမ်း များသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရခြင်း ငယ်ရွယ်သူ ဆရာဝန် များသည် လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်လိုမှု နည်းပါးခြင်း၊ အသက်အရွယ်ကြီးရင့် ပြီဖြစ်သော ဆရာဝန်များကသာ လာရောက်တာဝန်ထမ်းဆောင်ကြပြီး အခြားတစ်နေရာသို့ ပြောင်းရွှေ့ လိုစိတ်မရှိခြင်း၊ အချို့မြို့နယ်များရှိ လူမှုဖူလုံရေးဆရာဝန်များသည် လူမှုဖူလုံရေးဆေးခန်းထက် မိမိတို့၏ ကိုယ်ပိုင်ဆေးခန်းတွင်သာ အချိန်ပေးလေ့ရှိခြင်း စသည့် သဘောသဘာဝများကြောင့် ကျန်းမာရေး ဝန်ဆောင်မှု အပြည့်မပေးနိုင်သလို ဆေးကုသရန် အထောက်အကူပြုပစ္စည်းများလည်း ပြည့်စုံမှု မရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ပြည်သူ တင်မြှောက်ထားသော ပြည်သူ့အစိုးရလက်ထက်တွင် အမျိုးသားကျန်းမာရေး အာမခံစနစ်တစ်ခု ပေါ်ပေါက်လာနိုင်စေရန် ကျန်းမာရေးအာမခံဥပဒေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လွှတ်တော်ကော်မတီများ၊ INGO၊ NGO များနှင့် ဥပဒေ ပညာရှင်များ ရေးဆွဲနေရသော အချိန်ဖြစ်ရာ လူမှုဖူလုံရေးဥပဒေနှင့် ဆေးခန်းဝန်ဆောင်မှုများသည် စံပြ ဖြစ်ထိုက်ပါသဖြင့် ဤမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့်ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ဟာ အကျုံးဝင် အာမခံလုပ်သားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝ ပေးနိုင်ရေးအတွက် အလုပ်သမားဆေးရုံကြီး(၃)ရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်းနှင့် ဌာနကြီးဆေးခန်း(၅၅)ခန်း၊ ပုဂ္ဂလိကကျန်းမာရေး ဝန်ဆောင်မှုကုမ္ပဏီနှင့် သဘောတူချုပ်ဆို ဖွင့်လှစ်ထားတဲ့ ဆေးခန်း(၃)ခန်း၊ တိုင်းရင်းဆေးခန်း(၁)ခန်းတို့နှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်မှာ ထပ်မံပြီးတော့မှ ဆေးခန်း(၁)ခန်း တိုးချဲ့ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမား ကျန်းမာရေးစောင့်ရှောက်မှု ကို ယခုထက် ပိုမိုအလွယ်တကူ ရယူနိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့အနေနဲ့ ကျန်းမာရေး ဝန်ဆောင်မှု ပေးတဲ့ အဖွဲ့အစည်းများမှ ဝန်ဆောင်မှုကို ဝယ်ယူခြင်းနည်းလမ်း (Provider Purchaser Split) နည်းလမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လေ့လာစီစဉ်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။

ဒီထက်ပိုပြီးတော့မှ တင်ပြရမယ်ဆိုလို့ရှိရင်တော့ ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးတဲ့အထဲမှာ ပါတဲ့အတိုင်းပါပဲ။ ကျွန်တော်တို့ ဆေးခန်းတွေမှာရှိတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆေးဝါးကျွမ်းကျင် သူတွေ အခက်အခဲ ရှိပါတယ်။ အဲဒီ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆေးဝါးကျွမ်းကျင်သူတွေကို ကျွန်တော်တို့ လူမှုဖူလုံရေးအဖွဲ့အနေနှင့် ကျန်းမာရေးဝန်ကြီးဌာနထံ ညှိနှိုင်းပြီးတော့မှ တောင်းခံရယူရတာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့်လည်းပဲ ခွဲဝေပေးနိုင်တဲ့ အင်အားတွေကို ကျွန်တော်တို့ကို ခွဲဝေပေး

လျက်ရှိပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့ ဆေးခန်းတွေမှာ ဆရာဝန်(၁၉၆)ယောက်လောက် ရှိပါတယ်။ အဲဒီအတွက် လူမှုဖူလုံရေးအဖွဲ့အနေနဲ့လည်းပဲ ပြင်ပမှ စာချုပ်ဆရာဝန်တွေ၊ စာချုပ်သူနာပြု တွေကို သတင်းစာထဲက ထည့်သွင်းခေါ်ယူသော်လည်းပဲ ကျွန်တော်တို့ လိုအပ်သလောက် မရနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက် ဆေးခန်းတွေမှာ ဆရာဝန်တွေ၊ သူနာပြုတွေ လိုအပ်ချက်ရှိနေတာ ဖြစ်ပါတယ်။

ဒီအတွက်ကြောင့် ကျွန်တော်တို့က ပုဂ္ဂလိကဆေးခန်းတွေမှာ သွားရောက်ပြီးတော့မှ ကုသ နိုင်ဖို့အတွက် ကျွန်တော်တို့ လေ့လာပြီးတော့မှ ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့ အဖွဲ့အစည်းများက ဝန်ဆောင်မှုကို ဝယ်ယူတဲ့နည်းလမ်း(Provider Purchaser Split) နည်းလမ်းကို ကျွန်တော်တို့ အခြား နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို လေ့လာပြီးတော့မှ ကျွန်တော်တို့ ဖြစ်နိုင်မှုစွမ်းအား၊ ဖြစ်နိုင်မှုအခြေအနေ တွေကို လေ့လာပြီးတော့မှ ဆက်လက်ပြီးတော့မှ အလုပ်သမားများ ကျွန်တော်တို့ ဆေးဝါးကုသမှု၊ ခံယူ နိုင်ဖို့အတွက်ကို ကျွန်တော်တို့ ပိုမိုတိုးချဲ့ပြီးတော့မှ ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်လို့ တင်ပြလိုပါတယ်။

ဒါ့အပြင် အာမခံလုပ်သားများကို ပိုမိုထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ဖို့ အတွက်ကို အလုပ်သမားဆေးရုံကြီးများမှာ ကျွန်တော်တို့ မရှိသေးတဲ့ အထူးကု ဘာသာရပ်များဆိုင်ရာ ကုသမှုကို လိုအပ်တယ်ဆိုလို့ရှိရင်လည်းပဲ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ အစိုးရ ဆေးရုံများမှာ ကုသမှုခံယူစေလျက်ရှိပါတယ်။ ဆေးဝါးများ ဝယ်ယူရမယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ ဌာနက အဲဒီဝယ်ယူရတဲ့ ဆေးဝါးများအတွက် ကျခံသုံးစွဲရတဲ့ ငွေများကို ပြန်လည်တောင်းခံပြီးတော့မှ ထုတ်ပေးလျက်ရှိပါတယ်။ အဲဒီလို ထုတ်ပေးတဲ့နေရာမှာလည်းပဲ ပိုမိုပြီးတော့မှ မြန်မြန်ဆန်ဆန် ထုတ်ပေး နိုင်ဖို့အတွက်ကို ဖြေလျှော့ပေးနိုင်တဲ့ နည်းလမ်းများကိုလည်းပဲ ကျွန်တော်တို့ ကျင့်သုံးဆောင်ရွက်လျက် ရှိပါတယ်။ လေ့လာပြင်ဆင်လျက်လည်း ရှိပါတယ်။ ဒါ့အပြင် လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမား ဆေးရုံကြီးများနှင့် ဆေးခန်းများကို အဆင့်မြှင့်တင်နိုင်ဖို့၊ ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှု ကုမ္ပဏီ များနှင့် ပူးပေါင်းပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ရေတို၊ ရေရှည် စီမံကိန်းများ ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီဆောင်ရွက်တဲ့ စီမံကိန်းများဟာလည်းပဲ ကျွန်တော်တို့ UHC ခေါ်တဲ့ ကျန်းမာရေးဝန်ကြီး ဌာနက ဆောင်ရွက်တဲ့ Universal Health Coverage ပတ်သက်ပြီးတော့မှ Inline ဖြစ်အောင်လို့ ညှိနှိုင်း ပြီးတော့မှ ဆောင်ရွက်နေပါတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။ ဒါ့အပြင် လူမှုဖူလုံရေးအဖွဲ့ အနေနဲ့ လည်းပဲ အာမခံအလုပ်သမားများအတွက် ထိရောက်မှုရှိတဲ့ အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်ဖို့ အတွက်ကို လူမှုဖူလုံရေးရန်ပုံငွေများကို ထိရောက်မှု (Effective) အားကောင်းပြီး တော့မှ ကျစ်လျစ်သိပ်သည်းစွာဖြင့် သုံးစွဲနိုင်ရေး (Efficient)ဖြစ်စေရေးအတွက်ကို ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်းနှင့် ဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေနဲ့ ကျွန်တော်တို့ အာမခံအလုပ်သမားများ အတွက် ထိရောက်တဲ့ ဆေးဝါးကုသမှုများဖြစ်အောင် အစဉ်ကြိုးစားလုပ်ဆောင်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားတဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသား လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူသူ ရှိပါသလားခင်ဗျား။

သဘောမတူသူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတည် ဖြစ်သည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(က)အရ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ အလုပ်သမား၊

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်သို့ ကျွန်တော် တင်သွင်းခဲ့တဲ့ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်း အလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အတည်ပြုရန် တင်သွင်းတဲ့ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမား များ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးမြမင်းဆွေ က ထောက်ခံပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် အတည် ဖြစ်သည်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသား လွှတ်တော်မှာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာ အပေါ်မှာ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီ ကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ အခု ဆွေးနွေးတာနဲ့ဆိုရင် (၃)ကြိမ်တိတိ ဆွေးနွေးပြီးပါပြီ။ ဒီကော်မတီဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အရေးကြီးဆုံးကော်မတီတစ်ခု ဖြစ်တယ်ဆိုတာကို ပြီးခဲ့တဲ့ အစီရင်ခံစာအပေါ်မှာ ဆွေးနွေးတုန်းကလည်း ကျွန်တော် ပြောခဲ့ပြီးပါပြီ။ ဒီကော်မတီဟာ ကျွန်တော်တို့ လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီ ပြီးလို့ရှိရင် အစီရင်ခံစာအများဆုံးတင်နိုင်တဲ့ ကော်မတီ၊ အလုပ် အလုပ်နိုင်ဆုံးကော်မတီလို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ နောက်နောင်လည်း ဒီထက်မက ကြိုးစား ပေးပါလို့ အလုပ်လုပ်ကြပါလို့ တိုက်တွန်းအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆဋ္ဌမအကြိမ် အမျိုးသား လွှတ်တော်တွင် ပဉ္စမအကြိမ်မှ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဆိုများ၊ မေးခွန်းများကို သက်ဆိုင်ရာ အစိုးရအဖွဲ့ဝန်ကြီးများမှ ဖြေကြားခဲ့မှုအပေါ်မှာ ကတိဖြစ်/မဖြစ်ကို စိစစ်ပြီး ကတိဖြစ်ခဲ့ပါက အစိုးရမှအကောင်အထည်ဖော်မှု ရှိ/မရှိကို အစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရပါတယ်။ အခု အစီရင်ခံစာအရ ပဉ္စမပုံမှန်အစည်းအဝေးတွင် အဆို(၄)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၄၇)ခု၊ ကြယ်ပွင့်မပြ မေးခွန်း(၁၁၉)ခု၊ စုစုပေါင်း(၂၆၆)ခု ကတိဖြစ်ပေါ်ခဲ့တယ်လို့ အစီရင်ခံစာမှာပါရှိပါတယ်။ ပထမအကြိမ်မှ ပဉ္စမအကြိမ်အထိ စုစုပေါင်းကတိဖြစ်ပေါ်မှုကလည်း အဆိုနှင့်မေးခွန်းပေါင်း (၆၄၃)ခု ကတိဖြစ်ပေါ်ပြီး

ဖြစ်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော် အဓိကထား ဆွေးနွေးလိုတာက ကတိဖြစ်ပေါ်မှု (၆၄၃)ခုတွင် အစိုးရမှ အကောင်အထည်ဖော်နိုင်မှု ဘယ်နှစ်ခုရှိပြီလဲ။ ဘယ်နှစ်ခုက အကောင်အထည်ဖော်ရန် ကျန်နေသေးတယ်ဆိုတာကို အစီရင်ခံစာမှာ ဖော်ပြထားတာ မတွေ့ရပါဘူး။ ကျွန်တော်တို့ လွှတ်တော်သက်တမ်း(၂)နှစ် ပြည့်ခါနီးပါပြီ။ လွှတ်တော်ကျင်းပခဲ့တာလည်း ဆဋ္ဌမပုံမှန်အစည်းအဝေးကို ရောက်နေပါပြီ။ ပထမပုံမှန်အစည်းအဝေးမှ ကတိများ ပါရှိနေပါသေးတယ်။ အကောင်အထည်ဖော်နိုင်မှု လုပ်ဆောင်သွားပြီဆိုလို့ရှိရင် လျော့ချရန် လိုအပ်ပါတယ်။

ကျွန်တော့်အနေနှင့် အပြုသဘောနဲ့ဆွေးနွေးရမည်ဆိုလျှင် အစိုးရမှ ကျွန်တော်တို့လွှတ်တော်တွင် အာမခံခဲ့သည့် ကတိများကို အကောင်အထည်ဖော်နိုင်မှု အားနည်းနေတယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ အခု လွှတ်တော်ကာလ(၂)နှစ်နီးပါးတွင် ကတိဖြစ်ပေါ်မှု(၆၄၃)ခု ရှိလို့ရှိရင် လာမည့်နှစ်များတွင် ဒီထက်မက ပိုများလာနိုင်ပါတယ်။ အဲဒီအချိန်ကျရင် ပိုပြီးရှင်းရတာ ခက်ခဲနိုင်ပါတယ်။ ဒီအပေါ်မှာ ကော်မတီအနေနဲ့လည်း အစိုးရအပေါ် ထိန်းညှိပေးစေလိုပါတယ်။ ကျွန်တော့်အနေနဲ့ ပဉ္စမပုံမှန်အစည်းအဝေးထိ ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်း(၃၄)စောင် မေးမြန်းခဲ့ပြီးပါပြီ။ ကတိဖြစ်ပေါ်မှု(၂၁)ခု ရှိခဲ့ပါတယ်။ ကျွန်တော့် မေးခွန်းများရဲ့ ကတိဖြစ်ပေါ်မှု(၂၁)ခုမှာလည်း အစိုးရမှ အကောင်အထည်ဖော်နိုင်မှု (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီဟု ကတိဖျက်၍ရတဲ့လုပ်ငန်း မရှိသလောက်ပါ။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီမှ ကတိကဝတ်ပယ်ဖျက်နိုင်ရေး ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကို တောင်းခံတုန်းကလည်း ကျွန်တော့်အနေနဲ့ ပေးပို့ပြီးဖြစ်ပါတယ်။ (၁၀၀)ရာခိုင်နှုန်း ပြီးစီးတဲ့ကတိမပါရှိပါ။ အစိုးရမှ အကောင်အထည်ဖော်မှု အားနည်းနေတာကို တွေ့ရပါတယ်။

နောက်တစ်ချက်အနေနှင့် ကျွန်တော် ဆွေးနွေးလိုတာက ကျွန်တော့်အနေနဲ့ လွှတ်တော်တွင် ကျေးရွာချင်းဆက်လမ်းနှင့်ပတ်သက်ပြီး ကျွန်တော် မေးမြန်းခဲ့ပါတယ်။ အဲဒီလမ်းက သရက်တပင်ကျေးရွာမှ ဂုပ္ပိထောင့်ကျေးရွာအထိ အရှည်မိုင်(၁၃)မိုင် ရှိပါတယ်။ တံတား(၁၁)စင်း ပါရှိပါတယ်။ အဲဒီလမ်းတံတားကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လုပ်ဆောင်ပေးမည်ဟု ကတိပြုခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဘတ်ဂျက်တွင် ကျောက်ချောလမ်း(၂)မိုင်ကို လုပ်ဆောင် ပေးမည်ဟု ပါရှိပါတယ်။ ကျွန်တော် ဆွေးနွေးလိုတာက ကျောက်ချောလမ်း အရှည်(၁၃)မိုင်ကို တစ်နှစ်မှ (၂)မိုင်ပဲဆိုလို့ရှိရင် ကျွန်တော်တို့ လွှတ်တော်ဒုတိယအကြိမ်သက်တမ်း ပြီးရင်တောင်မှ အဲဒီကတိကို ဖျက်ပစ်လို့ ရမယ်မထင်ပါဘူး။ ကျွန်တော့်အနေနဲ့ အထက်မှာဆွေးနွေးခဲ့သလို တခြားအကြောင်းအရာ များစွာရှိနေပါသေးတယ်။ ကျွန်တော့်လိုပဲ တခြားလွှတ်တော် ကိုယ်စားလှယ်များတွင်လည်း များစွာရှိ နေနိုင်ပါတယ်။ ဒါတွေဟာ အစိုးရရဲ့အကောင်အထည်ဖော်နိုင်မှု အားနည်းခြင်း တစ်ခုပါပဲ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူတွေမှ ရွေးချယ်ပေးလိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာနှင့်အညီ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အစိုးရမှဖြည့်ဆည်းပေးနိုင်ရေး၊ အစိုးရမှ အကောင်အထည်ဖော်နိုင်ရေး ဒီလွှတ်တော်ကြီးရှိနေသ၍ ကျွန်တော်တို့ မေးခွန်းတွေမေးနေရမယ်။ ဆွေးနွေးနေရမယ်။ တိုက်တွန်းနေရမယ် ဆိုတာဟာ လွှတ်တော်ကိုယ်စားလှယ်တိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ အစီရင်ခံစာမှာပါရှိတဲ့ သုံးသပ်အကြံပြုချက်အပိုင်းကို ကျွန်တော် ဆွေးနွေးပါမယ်။ ကော်မတီအနေနဲ့ ကွင်းဆင်းခဲ့ရသလောက် အကြံပြုချက်များ ဖြစ်နိုင်ပါတယ်။ အကြံပြုချက် အချက်(၂)ချက် ပါရှိပါတယ်။ အင်မတန် ကောင်းမွန်ပါတယ်။ ကော်မတီရဲ့ ကြိုးစား အားထုတ်မှုများကို တွေ့ရပါတယ်။ အခုလိုပဲ အခြားတိုင်းနှင့်ပြည်နယ်များကိုလည်း ကွင်းဆင်းစိစစ် ပေးလို့ရှိရင် ပိုမိုကောင်းမွန်နိုင်မယ်လို့ အကြံပြုလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးလိုတာ က ဒီအကြံပြုချက်ကို ဒီအစီရင်ခံစာမှာရေးပေးသလို သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့များကို ပေးပို့ရန်လိုအပ်ပါတယ်။ ဒါမှ အစိုးရအဖွဲ့မှဝန်ကြီးဌာနများ ဆက်လက်လုပ်ဆောင်နိုင်မယ်လို့ ကျွန်တော် ဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့နိုင်ငံဟာ ဖယ်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ဖြစ်အောင် ကြိုးပမ်း နေတဲ့နိုင်ငံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေတဲ့အချိန်မှာ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ပီပီပြင်ပြင်ဖြစ်လာရေး ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ် ဖြစ်မြောက်ရေးတို့အတွက် ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များဟာ အဓိကကျပါတယ်။ အစိုးရရဲ့လုပ်ဆောင်မှု၊ အကောင်အထည်ဖော်နိုင်မှုဟာ ပြည်သူရဲ့ အမှန်တကယ် လိုအပ်ချက်ဖြစ်ရဲ့လား။ ပြည်သူရဲ့အကျိုး ဘယ်လောက်အထိ ထိရောက်မှုရှိသလဲ ဆိုတာတွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ကျွန်တော်တို့ လွှတ်တော်ကော်မတီများ၊ အဓိက အစိုးရရဲ့အာမခံချက်၊ ကတိများ၊ တာဝန်ခံချက်များကော်မတီဟာ အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း ဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်း ခဲ့သည့်အဆိုများ၊ မေးခွန်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးဝင်းအောင် (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက် များစိစစ်ရေးကော်မတီဟာ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှာ တင်သွင်း

ခဲ့တဲ့အဆိုများ၊ မေးခွန်းများနဲ့စပ်လျဉ်းတဲ့ အစီရင်ခံစာကို ၂၀-၁၁-၂၀၁၇ ရက်နေ့က အမျိုးသားလွှတ်တော် အစည်းအဝေးမှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ အစီရင်ခံစာနှင့်စပ်လျဉ်းပြီးတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်နိုင် က ထောက်ခံဆွေးနွေး အကြံပြုတင်ပြသွားတာ တွေ့ရှိရပါတယ်။

ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတာထဲမှာ အချက်(၂)ချက်ကို အနည်းငယ် ပြန်လည် ပြီးတော့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာမှာ ဆောင်ရွက်ပြီးစီးမှုများကို ကျွန်တော်တို့ သွားရောက်ပြီးတော့ စစ်ဆေးတာဟာ (၇၅)ရာခိုင်နှုန်းကနေ (၁၀၀)ရာခိုင်နှုန်း ပြီးသွားတဲ့လုပ်ငန်းများကို သွားရောက်စစ်ဆေးခြင်း ဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီထဲမှာ ဆောင်ရွက်ထားတဲ့ လုပ်ငန်းများဟာ ကိုယ်စားလှယ်များ မေးတဲ့ မေးခွန်းများအပေါ်မှာသာလျှင် ကျွန်တော်တို့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒီနေ့ အစိုးရအနေနဲ့ ကိုယ်စားလှယ်များမမေးဘဲ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေ အများကြီးအပေါ်မှာ ဆောင်ရွက်နေတာတွေ အများကြီးရှိပါတယ်။ ဒါကို ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ဆောင်ရွက်နေတာကို ကြည့်ခြင်း အားဖြင့် သိရှိနိုင်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးခဲ့တဲ့ အခြားအချက်များကိုလည်း ကော်မတီက အလေးထားပြီးတော့ ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်းလည်း တင်ပြလိုပါတယ်။ ဒီအတွက် အမျိုးသား လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှာ တင်သွင်းမေးမြန်းခဲ့တဲ့ အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေ အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိ များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးဝင်းအောင် က လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆိုများ၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၃၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၁ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းခဲ့သည့် "MICA (Myanmar International Cooperation Agency)" အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး တင်သွင်းသည့်"MICA (Myanmar International Cooperation Agency)"အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီ တိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော် ကိုယ်စားလှယ်(၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်တို့ လူပုဂ္ဂိုလ်တို့ အဖွဲ့အစည်းတို့ ဌာနတို့ကို ထိခိုက်ဆွေးနွေးခြင်းမျိုး မပြုဘဲ မိမိဆွေးနွေးလိုတဲ့ အကြောင်းအရာပေါ်မှာ လိုရင်းကို ဆွေးနွေးဖို့ ကြိုတင် အသိပေးပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၈။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်မြေမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒီ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီကနေပြီးတော့မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး တင်သွင်းခဲ့တဲ့ MICA နှင့် ပတ်သက်တဲ့ အဆိုနှင့်ပတ်သက်ပြီးတော့မှ ကွင်းဆင်းလေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့် ပတ်သက်ပြီးတော့မှ ကော်မတီကို ကျေးဇူးတင်ရှိကြောင်း ပြောပြလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ကော်မတီမှာ တင်ပြထားတဲ့ အချက်တွေက တကယ်လည်း ကျွန်မတို့ လက်တွေ့ ဖြစ်ပေါ်နေတဲ့ အချက်အလက်တွေနဲ့ ထင်ဟပ်မှု ဖြစ်တဲ့ကြောင့်မို့လို့ ဒါ ကျွန်မတို့အတွက် အများကြီး အကျိုးရှိပါတယ်။

အဲဒီတော့ ဒီ အစီရင်ခံစာကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် ဒီ MICA ရဲ့ ဒီ ဆောင်ရွက်ချက်တွေဟာ တရားဥပဒေကို ချိုးဖောက်တာ၊ အဂတိလိုက်စားတာ၊ နိုင်ငံပိုင်ပစ္စည်းတွေကို အလွဲသုံးစားလုပ်ထားတာ ပွင့်လင်းမြင်သာမှုမရှိတာ ထင်ထင်ရှားရှား တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အစီရင်ခံစာမှာပါတဲ့ အချက်အလက် အချို့နှင့်ပတ်သက်ပြီးတော့မှ ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီအစီရင်ခံစာရဲ့ စိစစ်တွေ့ရှိချက် အပိုဒ်(စ)နဲ့ သုံးသပ်အကြံပြုချက် အပိုဒ်(ည)မှာ ဖော်ပြထားတဲ့ အောင်ဖြိုးမြတ်ကုမ္ပဏီရဲ့ ငါးတင်/ငါးချ ဆိပ်ခံတံတားနဲ့ ငါးဈေးကွက်(Jetty) ဟာ ယခင်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကို ကျပ်သိန်းသုံးသောင်းခန့် ပြန်လည်ပေးဆပ်ဖို့ ကျန်ရှိနေတာနှင့် ပတ်သက်လို့ ပွင့်လင်းမြင်သာစွာ ဖော်ပြထားခြင်း မရှိတဲ့ကြောင့်မို့လို့ ဘယ်လိုပေးဆပ်မလဲ။ ဘယ်တော့ ပေးဆပ်မလဲဆိုတာနှင့် ပတ်သက်ပြီး အခြေအနေမှန်ကို ဖော်ပြပေးဖို့ပါ။ ဒီဟာနဲ့ ပတ်သက်ပြီး ကျွန်မအနေနှင့် ထပ်မံပြီးတော့ ဆွေးနွေးလိုပါတယ်။ ဒီအစီရင်ခံစာရဲ့ စိစစ်ချက်အပိုဒ်(ဂ)မှာလည်း လုပ်ငန်း လုပ်ကိုင်မှုဆိုပြီးတော့မှ ဒီအောက်တိုဘာလ ၂၇ ရက် ၂၀၁၆ ခုနှစ်မှာ စာချုပ်ချုပ်ခဲ့ပြီးတော့ MICA ရဲ့ ခွင့်ပြုချက်အမှတ် မနသ ၁၁၉၈/၂၀၁၆ နဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ ရခဲ့ပြီးဖြစ်ပါတယ်။

ဒါပေမယ်လို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဒီ ၂၀၁၅ ခုနှစ် ၊ ဧပြီလ ၉ ရက်နေ့မှာ ပြုလုပ်တဲ့ အစည်းအဝေးမှတ်တမ်းအရ ဒီ MICA ဒီ အောင်ဖြိုးမြတ်ကုမ္ပဏီက လုပ်ငန်းတွေ ဆောင်ရွက်နေတယ်လို့ တွေ့ရှိရပါတယ်။ ဒါဆိုလို့ရှိရင် ဒီ ကုမ္ပဏီဟာ စာချုပ်မချုပ်ခင် MIC ရဲ့ ခွင့်ပြုချက်မရခင်ကတည်းက ဒီလုပ်ငန်းတွေ လုပ်ဆောင်ဖို့ ယခင် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကနေပြီးတော့မှ ငွေတွေချေးငှားပြီး လုပ်နေတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဒီတည်ဆောက်ရေးကာလကို (၃)နှစ်သတ်မှတ်

ထားပါတယ်။ အဲဒီတော့ ကော်မတီက သွားပြီးတော့ လုပ်ငန်းတွေ စိစစ်တဲ့အခါမှာ ရေလုပ်ငန်း (၁၀၀) ရာခိုင်နှုန်း၊ ရေချိုငါးဈေးက (၈၀) ရာခိုင်နှုန်းနဲ့ ရုံးအဆောက်အအုံ (၄၀)ရာခိုင်နှုန်းက ပြီးစီးနေပြီဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီလိုမျိုး အရင်တုန်းကတော့ ကျွန်မတို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ အခုတော့ စိုက်မွေးဘဏ်ကနေ၊ စိုက်မွေးဝန်ကြီးဌာနရဲ့ အောက်မှာရှိတဲ့ ယခင် ကျေးလက်ဖွံ့ဖြိုးရေး ဘဏ်ပေါ့နော်။ အဲဒီကနေ ချေးငှားတာ။

ဒါပေမဲ့ အဲဒီဘဏ်က အခု ကျွန်မတို့ ဒီ ပြီးခဲ့တဲ့ ဩဂုတ်လတုန်းက ပြည်ထောင်စု လွှတ်တော်မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ကနေ ပြီးတော့မှ အစီရင်ခံစာ တင်သွင်းခဲ့တဲ့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာမှာဆိုရင် ဒီ ဘဏ်နဲ့ပတ်သက်ပြီးတော့မှ အားနည်းချက်တွေ အများကြီး တွေ့ရပါတယ်။ အဲဒီမှာ ဘာဖော်ပြထားလဲဆိုတော့ ဒီဟာက ဒီဘဏ်ဟာဆိုလို့ရှိရင် လုပ်ထုံး လုပ်နည်းနှင့်လည်း မကိုက်ညီဘူး။ နောက်ပြီးတဲ့အခါမှာ ဒီဘဏ်မှာပါနေတဲ့ စာရင်းရှင်းတမ်းတွေကို နိုင်ငံတော် ဘဏ္ဍာငွေရန်ပုံငွေ မပါတဲ့အတွက်ကြောင့် ပြင်ပစာရင်းစစ်အဖွဲ့နဲ့ စစ်ဆေးထားတာ၊ ဒီ ဘဏ်စတင်ဖွဲ့စည်းတဲ့အချိန်မှာရှိတဲ့ ရင်းနှီးငွေနှင့် ပိုင်ဆိုင်ငွေတွေ ပြောပြတာတွေက ဒါတွေဟာ စိစစ်ဖို့လိုအပ်တာကြောင့်မို့လို့ ဒီ အခု အများပိုင်ဘဏ်ပြောင်းတာ ယခင် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကို ဝန်ကြီးဌာနတစ်ခုရဲ့ အောက်မှာပေါ့နော်။ စိစစ်ပြီးတော့ ထားဖို့ အကြံပြုထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုစာရင်းရှင်းတဲ့အခါမှာ ကျွန်မတို့က လက်ရှိဘဏ်ရဲ့ အနေအထား အနေနဲ့လည်း ကြည့်ပြီးတော့မှ ကျွန်မတို့က သေသေချာချာစာရင်းစိစစ်ဖို့နှင့် နောက်တစ်ခါ ဒီဘဏ်က နေပြီးတော့ သိန်းလေးသောင်း အရင်တုန်းက ရှိခဲ့တယ်လို့ ကျွန်မတို့က လေ့လာတွေ့ရှိချက်အရ သိရပါတယ်။ အခုအချိန်မှာတော့ သိန်းသုံးသောင်းကျန်နေကြောင်း အဲတစ်သောင်းကိုရော ဘယ်တုန်းက ပြန်ဆပ်ခဲ့တာလည်း၊ ဘယ်လိုပြန်ဆပ်ခဲ့တာလည်း နောက်တစ်ခါမှာ ဒီလုပ်ငန်းကြီးတစ်ခုလုံးရဲ့ တန်ဖိုးဟာ ကျပ်သိန်းပေါင်း လေးထောင့်ငါးရာမှာဆိုတော့ ငါးရာလောက်ကိုပဲ ကုမ္ပဏီက စိုက်ထုတ်ပြီး ကျန်တဲ့ ငွေတွေက ကျွန်မတို့ အများပိုင်ဘဏ်တွေက ငွေတွေနဲ့ အရင်တုန်းက ဌာနပိုင်ဘဏ်တွေပေါ့နော်။ အရင်တုန်းက ရှေးတုန်းကတော့ ဌာနပိုင်ဘဏ်တွေကနေပြီးတော့မှ ချေးယူပြီးတော့မှ လုပ်တဲ့အတွက် ကြောင့်မို့လို့ ဒါတွေဟာ ပွင့်လင်းမြင်သာမှု မရှိဘူး။ နိုင်ငံပိုင်ငွေကြေးတွေကို ပုဂ္ဂလိကလုပ်ငန်းအတွက် ဒါလွှဲပြောင်းပြီးတော့မှ ချေးယူပြီးတော့မှ သုံးစွဲတဲ့အခါမှာ ပွင့်လင်းမြင်သာမှုရှိဖို့ အထူးပဲ လိုအပ်တဲ့ အတွက်ကြောင့်မို့ ဒီအချက်နှင့် ပတ်သက်ပြီး ကျွန်မအနေနဲ့ ကော်မတီကနေ ဆက်လက်ပြီးတော့မှ စိစစ်ဖို့ ဆောင်ရွက်ဖို့ ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်မတို့ ဒီ လုပ်ငန်းတွေပေါ့။ ၂၀၁၆ ခုနှစ် ၊ မတ်လမှာ ဝန်ကြီးဌာနက ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ တင်ပြခဲ့တဲ့ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနဲ့ Product Sharing ပြုလုပ်တဲ့ မွေးမြူရေးခြံ၊ စက်ရုံများစာရင်း(၄၉)ခုနဲ့ ယခုနှစ် အဆို တင်သွင်း ပြီးတော့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့ ဝန်ကြီးဌာနကနေပြီးတော့မှ အမျိုးသားလွှတ်တော် ကျွန်မတို့ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို တင်ပြလာတဲ့ စာရင်း(၄၉)ခုဟာ ကွဲလွဲနေပါတယ်။ လေ့လာချက်အရပေါ့။ ဒါကြောင့်မို့လို့ ဒီ MICA မဖွဲ့စည်းခင်

ဌာနအနေနဲ့ ၂၀၁၆ ခုနှစ်၊ မဖွဲ့စည်းခင်ကတည်းက ဌာနအနေနဲ့ Product Sharing လုပ်တဲ့ လုပ်ငန်းဘယ်နှစ်ခု ရှိပါသလဲ။

ဘာကြောင့်လဲဆိုရင် အခု MICA ရဲ့ စာရင်းမှာ မူလ MICA စာရင်းမှာပါပြီးတော့ အခုဝန်ကြီးဌာနပေးတဲ့ စာရင်းမှာမပါတဲ့ ပျဉ်းမပင်၊ နွယ်ခွေ မွေးမြူရေး ကြက်မွေးမြူရေးခြံဟာ ဌာနအနေနဲ့ CP ကုမ္ပဏီကို ငှားရမ်းလုပ်ကိုင်နေကြောင်း၊ အဲဒါဘယ်တုန်းက စပြီး လုပ်ကိုင်နေတာလဲ။ အခုမှ လုပ်ကိုင်တာလား။ အရင် ဒီ ၂၀၁၃ -၂၀၁၄ -၂၀၁၅ ပေါ့။ အဲဒီအချိန်တုန်းက ဘယ်သူနဲ့လုပ်တာလဲ။ ဒီစာရင်းတွေက မရှင်းလင်းပါဘူးရှင်။ နောက်တစ်ချက်ကကျတော့ ကျွန်မတို့ ဒီ အစီရင်ခံစာမှာပါတဲ့ ရွာသာကြီး ကြက်သားထုတ်စက်ရုံပေါ့နော်။ ဒီအအေးခန်း(၁၀)ခန်းနဲ့ ပတ်သက်ပြီးတော့မှ ဒီ သုံးသပ်ချက် (က)(ခ)(ဂ)မှာ ဖော်ပြထားတဲ့အချက်နဲ့ ပြီးတော့ နည်းနည်းလေး ဆွေးနွေးချင်ပါတယ်။ အဲဒီတော့ အရင်တုန်းက ရွာသာကြီး ကြက်သားထုတ်စက်ရုံက လုပ်ငန်းတွေ အားလုံးကို ဌာနကနေပြီးတော့ လေလံတင်ပြီးတော့မှ ထုခွဲရောင်းချခဲ့တယ်ဆိုတာ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဌာနအနေနဲ့ ဒီစာရင်းတွေကို ဘယ်လိုမျိုး သွင်းခဲ့သလဲပေါ့နော်။ ဒါကိုလည်း ကျွန်မတို့အနေနဲ့ ဆွေးနွေးချင်ပါတယ်။

ဒါကြောင့်မို့လို့ နောက်ဆုံးအနေနဲ့ နိဂုံးချုပ်အနေနဲ့ ပြောပြချင်တာကတော့ ကျွန်မတို့ ဒီ အဆိုဟာ အမျိုးသားလွှတ်တော်ကလည်း အတည်ပြုပြီးသွားပြီ။ ဒီ ကော်မတီကနေလည်း စိစစ်တွေ့ရှိချက်တွေဟာ ကျွန်မတို့ ဒါ မြေပြင်နဲ့ ကိုက်ညီတဲ့အတွက်ကြောင့်မို့လို့ သက်ဆိုင်ရာဌာနအနေနဲ့ လုပ်ထုံးလုပ်နည်းဥပဒေများအရ ဒီ MICA ဖျက်သိမ်းရေးနှင့် စာရင်းရှင်းလင်းရေးကို အတိအကျလိုက်နာဆောင်ရွက်ပြီးတော့မှ လိုအပ်သလို အရေးယူဆောင်ရွက်ပေးဖို့ ကော်မတီကနေရော၊ လွှတ်တော်ကနေရော တိုက်တွန်းပြီးတော့မှ ထိန်းကျောင်းပေးပါလို့ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးကိုယ်စား ရွေးရှုပြီးတော့မှ တိုက်တွန်းလိုက်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၄။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ထောက်ခံဖြည့်စွက် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ MICA အဖွဲ့အစည်းဟာ ကျွန်တော်တို့ ဒီ ပြန်ပြီးတော့ ကြည့်တဲ့အချိန်မှာ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်တို့ ဘာတို့ဘက်ကနေသွားတာ မဟုတ်ဘဲနဲ့ ဌာနရဲ့လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်တယ်ဆိုတာကို ဒီအစီရင်ခံစာအရ ပထမဆုံးတွေ့ရှိရပါတယ်။ ပြီးတော့ နိုင်ငံပိုင်လုပ်ငန်းတွေကို ပုဂ္ဂလိကအသွင် ပြောင်းတဲ့နေရာမှာဆိုရင် တကယ်ရှိရမယ့် MICA အဖွဲ့အစည်းရှိရမယ့်ဟာထက် ပိုပြီးတော့ တိုးချဲ့ရမယ့် မူဝါဒတို့၊ ဥပဒေတို့၊ စီမံခန့်ခွဲမှု Body တို့ ပြီးတော့ Strategy တို့နဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီအစီရင်ခံစာရယ်၊ ဒီမှာဆွေးနွေးနေတာ အားလုံးကို ပြန်ကြည့်လို့ရှိရင် အစီရင်ခံစာရဲ့ တွေ့ရှိ

ချက်အရဆိုရင် ဒါဌာနရဲ့ တစ်ခုတည်းသော လုပ်ထုံးလုပ်နည်းတွေနှင့် ဆောင်ရွက်သွားတယ်ဆိုတာမျိုး ကိုလည်း ပထမအချက် တွေ့ရမှာ ဖြစ်ပါတယ်။

ဒုတိယတစ်ချက်ကတော့ စာချုပ်တွေကို ပြန်လည်လေ့လာတဲ့အချိန်မှာ ၂၀၁၆ ခုနှစ်၊ ၃ လပိုင်း အစိုးရသစ် မပြောင်းခင်လေးမှာ အကုန်လုံးကို အပြီးအပြတ်လုပ်သွားတယ် ဆိုတဲ့အချက်လေး လည်း တွေ့ရပါတယ်။ ဒီကပ်ပြီးတော့ လုပ်သွားတဲ့အချက်။ အဲဒီလိုလုပ်တဲ့အတွက်လည်း ကျွန်တော်တို့က ဘာကို သွားတွေ့ရလဲဆိုတော့ Rent-seeking လို့ ခေါ်ပါတယ်။ ဒီတာဝန်ရှိတဲ့ သူတွေလည်း တာဝန်ရှိတဲ့ သူတွေ ပတ်သက်ထားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပေါင်းပြီးတော့ လုပ်တဲ့ဟာမျိုးလို့ ဖြစ်ဖို့ ဖြစ်နိုင်ချေ ရှိသလားဆိုတာကို ကျွန်တော်တို့ သွားပြီးတော့ တွေ့ရပါတယ်။ ဒါကြောင့်မို့လည်း နောင်အခါမှာ နိုင်ငံပိုင်အဆောက်အအုံတွေ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ၊ နိုင်ငံပိုင်ခြံမြေဟာတွေကို ပြန်လည်လုပ်တဲ့ နေရာမှာ ဒီလို Rent-seeking မရှိအောင်၊ ခုနကပြောတဲ့ မူဝါဒတွေ၊ ဥပဒေတွေ၊ Management၊ Body တွေ၊ Strategy တွေနဲ့ ဆောင်ရွက်ဖို့ ဒီနေရာမှာ ထပ်ပြီးတော့ အကြံပြု ဆွေးနွေးလိုပါတယ်။

အခု အစီရင်ခံစာဟာ တော်တော်ပြည့်စုံပြီးတော့ ရှင်းရှင်းလင်းလင်း ဖြစ်တဲ့အတွက် အများ ကြီးကို ကြိုဆိုပြီးတော့ ထောက်ခံပါတယ်။ ဒီလို အစီရင်ခံစာမျိုးတွေကို တင်ပြခြင်းဖြင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှတစ်ဆင့် နိုင်ငံသူ နိုင်ငံသားတွေ အားလုံးကလည်း ဒီအဖြစ်အပျက်တွေကို ကြားသိ မြင်တွေ့နေမှာ ဖြစ်ပါတယ်။ အဓိက ကျွန်တော် ဆွေးနွေးလိုတဲ့အပိုင်းကတော့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့မှ တွေ့ရတဲ့ Error တွေ၊ Solution တွေကို တစ်ခါတည်း ဖော်ပြထားတာကို တွေ့ရ ပါတယ်။ သို့ပေမယ့်လည်း Law Enforcement ဥပဒေအရ ဘယ်လိုထိထိရောက်ရောက် အရေးယူ ဆောင်ရွက်မှုရှိနိုင်မယ် ဆိုတဲ့အကြံပြုချက်အပိုင်းတွေကိုလည်း ဒီနေရာမှာ ထည့်သွင်းဖော်ပြဖို့ လိုမယ်လို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ ဒီလို ထိထိရောက်ရောက် အရေးယူတဲ့နေရာမှာ (၂)ပိုင်း ရှိပါတယ်။ ဒီအဖြစ်အပျက်ကို ပြန်ကြည့်လို့ရှိရင် တာဝန်ရှိသူတွေကနေပြီးတော့မှ ပျက်ကွက်တဲ့ အကြောင်းအရာတွေ၊ တာဝန်ရှိသူတွေကနေပြီးတော့မှ ဥပဒေအရမလုပ်ဘဲနဲ့ ဆောင်ရွက်ထားတဲ့ အပိုင်းဖြစ်ပါတယ်။

ဒုတိယတစ်ချက်က စာချုပ်ပါစည်းကမ်းတွေကို ဖောက်ဖျက်တဲ့ လုပ်ငန်းရှင်တွေရဲ့အပိုင်း ဖြစ်ပါတယ်။ အဲဒီ(၂)ပိုင်းကို ဘယ်လို ကျွန်တော်တို့ Law Enforcement လုပ်မလဲဆိုတာမျိုး ကျွန်တော်တို့ ဒီထက်ပိုပြီးတော့ ဖော်ပြနိုင်မယ်ဆိုရင် ပိုပြီးတော့ ကောင်းမွန်တဲ့ အစီရင်ခံစာလေး ဖြစ်လာဦးမှာ ဖြစ်ပါတယ်။ အဲဒီတော့ တာဝန်ရှိတဲ့သူတွေဆိုရင် ကျွန်တော်တို့မှာ နိုင်ငံ့ဝန်ထမ်းဥပဒေ ရှိပါတယ်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ရှိပါတယ်။ ပြီးတော့ နိုင်ငံတော်သမ္မတရုံးက နေပြီးတော့ ထွက်ထားတဲ့ ညွှန်ကြားချက်အမှတ် (၁/၂၀၁၃) ရှိပါတယ်။ တခြား ပြည်ထောင်စုအစိုးရ အဖွဲ့ဥပဒေ ရှိပါတယ်။ အဲဒီမှာဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေမှာဆိုရင် ပုဒ်မ ၅၈ ရှိပါတယ်။ ညွှန်ကြားချက်မှာဆိုရင် အများကြီးရှိပါတယ်။ ဒီထဲမှာ(ထ) ဒီမှာ တင်ဒါတစ်ခုကို ဖတ်ပြရမယ်ဆိုရင် တင်ဒါအောင်မြင်သော ကုမ္ပဏီသည် တစ်ဆင့်ခံကန်ထရိုက် ထပ်မံလွှဲပြောင်းခြင်း မပြုရ ဆိုတဲ့ သမ္မတရုံးရဲ့ ညွှန်ကြားချက်ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေအရ ကျွန်တော်တို့ ပြန်ပြီးပြောရမယ်ဆိုရင် နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှု မပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုတဲ့ တာဝန်ဝတ္တရား ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်း ဥပဒေနဲ့ဆိုရင်။ ဒီဥပဒေတွေကို ပြန်ပြီးတော့၊ ချိတ်ဆက်ပြီးတော့ ဘယ်လိုအရေးယူဆောင်ရွက်မလဲ ဆိုတာလေးကို သက်ဆိုင်ရာဝန်ကြီးဌာနကရော စဉ်းစားပေးဖို့ လိုပါတယ်။ ပြီးတော့ လုပ်ငန်းရှင်အနေနဲ့ဆိုရင် ကျွန်တော်တို့ ဒီမှာ တွေ့ရပါတယ်။ ဒီအခွန်ဥပဒေနဲ့ ပတ်သက်တဲ့ဟာတွေ၊ အခွန်မဆောင်ထားတာတွေ၊ စာချုပ်စာတမ်း ဖောက်ဖျက်လို့ရှိရင် ဘယ်လိုအရေးယူရမယ် ဆိုတဲ့ဟာတွေက လုပ်ငန်းရှင်နဲ့ ပတ်သက်ပါတယ်။ ဒီအစီရင်ခံစာရဲ့ (၅)မှာလည်း ရှိပြီးသားပါ။ ဒီ (၁၀)ဧက ကနေပြီးတော့ (၇၃)ဧကတို့၊ နောက်တစ်ခုက ဒီကျေးလက်ဖွံ့ဖြိုးရေးဘဏ်ကနေပြီးတော့ သိန်းပေါင်း(၃)သောင်းခန့်အား ချေးယူထားတဲ့ကိစ္စတို့၊ နောက် MICA Power အမည်နဲ့ ဆက်လက်ရောင်းချနေတာတို့၊ နောက်တစ်ခုက မင်းမဟာစံက ချုပ်ဆိုထားတဲ့ အမှန်တကယ်နဲ့ မြေပြင်မှာ လုပ်ငန်းရှင်(၁၆)ဦးက ထပ်မံပြီးတော့ အငှားချထားတဲ့ဟာတွေ၊ ဒါတွေဟာ လုပ်ငန်းရှင်က စာချုပ် စည်းကမ်းဖောက်ဖျက်ထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဒီအစီရင်ခံစာကနေ ပတ်သက်ပြီးတော့မှ တာဝန်ရှိတဲ့ ဌာနဆိုင်ရာတွေကို ဘယ်လို Law Enforcement လုပ်မလဲ။ စာချုပ်စည်းကမ်းဖောက်ဖျက်တဲ့ လုပ်ငန်းရှင်တွေကို ဘယ်လိုအရေးယူပြီးတော့ ဆောင်ရွက်မလဲဆိုတာကို သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေပြီးတော့ စဉ်းစားပေးပါ။ ဆုံးဖြတ်ပေးပါ။ ကျွန်တော်တို့ ပြည်သူတွေ ကျေနပ်အောင် ပြုလုပ်ပေးပါလို့ ကျွန်တော် ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**ဥက္ကဋ္ဌ**။ ။ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၀။**

**ဒေါက်တာပြည့်ဖြိုး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ MICA (Myanmar International Cooperation Agency) အဆိုနဲ့ပတ်သက်ပြီးတော့ ကြားဖြတ်အစီရင်ခံစာ တင်သွင်းခဲ့တဲ့ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ကြိုးစားအားထုတ်မှုအပေါ်ကို အသိအမှတ်ပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ စိစစ်တွေ့ရှိချက်များထဲမှာဆိုလို့ရှိရင် လုပ်ငန်းတော်တော်များများဟာ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ထားခြင်း မရှိတာ၊ နောက်တစ်ခုက စာချုပ်တွေရဲ့ အားနည်းချက်တွေ၊ စကားလုံးများ တိကျမှုမရှိဘဲနဲ့ ရှုပ်ထွေးနေတာ၊ Agreements တွေကို ဖောက်ဖျက်တာ၊ နောက် အကျိုးအမြတ်ခွဲဝေမှုတွေမှာ

ရှုပ်ထွေးနေတာ၊ နှုတ်နဲ့သာ သဘောတူထားတာ စသည်ဖြင့် ပါဝင်ပါတယ်။ အဲဒီတော့ စိစစ်တွေ့ရှိချက် စာမျက်နှာ ၄၊ ၇ မှာဆိုလို့ရှိရင် ကိစ္စရပ်များကို အစိုးရသို့ လွှဲပြောင်းတာဝန်ယူပြီးနောက် အစိုးရသစ်ဖြစ်သည့် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား အသိပေးတင်ပြထားခြင်းမရှိကြောင်း စတာတွေ ပါဝင်ပါတယ်။

MICA နဲ့ စာချုပ် ချုပ်ဆိုတဲ့ လုပ်ငန်းတွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ မွေးမြူရေးလုပ်ငန်းတွေနဲ့ အခြားအခြားသော မြေငှားတဲ့ လုပ်ငန်းတွေ ပါဝင်ပါတယ်။ ဒါ့အပြင် ဒီအစီရင်ခံစာထဲမှာလည်းပဲ စာချုပ်နဲ့ ချုပ်ဆိုထားတဲ့ ကုမ္ပဏီတွေ၊ Rich Farm, Glory Heyday, Winlliy, First Golden Dragon Construction, အောင်ဖြိုးမြတ် ကုမ္ပဏီ စတာတွေကို ဖော်ပြထားတာ ရှိပါတယ်။ အဲဒီတော့ ဒီ စာချုပ်ချုပ်ဆိုတဲ့ ရက်စွဲတွေဟာ ဒီအစိုးရ အပြောင်းအလဲ မလုပ်ခင် စပ်ကြားကာလ ၂၀၁၆ ခုနှစ်၊ ၁ လပိုင်း၊ ၂ လပိုင်း၊ ၃ လပိုင်း ဖြစ်နေတာကို ဖော်ပြထားပါတယ်။

အဲဒီတော့ မူလအဆိုနဲ့ အဆိုကို ဆွေးနွေးမှုတွေမှာ ဒီ MICA ဟာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှာ စတင်လုပ်ကိုင်ခဲ့တယ်လို့ ဆိုထားပါတယ်။ အဲဒီတော့ ဒီဖော်ပြပါ စာချုပ် မချုပ်ဆိုခင်ကာလတွေမှာ ဒီ ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ် ကြားမှာ လုပ်ငန်းတွေကို ဘယ်အဖွဲ့အစည်းတွေက လုပ်ကိုင်ပါသလဲ။ ဥပမာ ဒီဌာနကပဲ လုပ်ကိုင်တယ်၊ ဆောင်ရွက်နေတယ်ဆိုလို့ရှိရင်လည်း ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ် ရှင်းတမ်းတွေ၊ စာရင်းစစ်ချုပ်မှတ်တမ်းတွေ၊ သတင်းအချက်အလက်တွေနဲ့ကို စစ်ဆေးသင့်ပါတယ်။ ဒါမှသာ ဒီ ကျွန်တော်တို့ ကွယ်ဝှက်ထားမှုတွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ အဲဒီတော့ စာချုပ်တွေ ကလည်းပဲ မရှင်းမလင်းနဲ့ နှစ်ရှည်သက်တမ်းနဲ့ ဖြစ်ပြီးတော့ နိုင်ငံတော်က နစ်နာမှုတွေ ရှိနေတဲ့ အတွက် ဒီသက်ဆိုင်ရာ ဝန်ကြီးဌာနကနေပြီးတော့ စာချုပ်ပါ ဒီသဘောတူညီချက်တွေကို ပြင်ဆင် ဆောင်ရွက်သွားမယ်ဆိုတာမျိုးလည်း ဒါ ကျွန်တော်တို့ မတွေ့ရသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ ပဋိညာဉ်အက်ဥပဒေအရ၊ Contract Act အရ မတရားသြဇာလွှမ်းမိုးခြင်း၊ Undue Influence ဆိုတာ ပုဒ်မ ၁၆၊ အပိုဒ် (၁)မှာ ဖော်ပြထားပါတယ်။ ဘယ်လိုဖော်ပြထားလဲဆိုတော့ ပဋိညာဉ်ပြုသူ နှစ်ဦးကြားမှာ တည်ရှိသော ဆက်ဆံရေး အခြေအနေများအရ တစ်ဦးက အခြားတစ်ဦးအပေါ် လွှမ်းမိုးနိုင်သော အခြေအနေ တည်ရှိပြီး အဆိုပါ အခြားတစ်ဦးထံမှ တရားမျှတမှုမရှိသော အကျိုးအမြတ်ရရှိစေရန်နှင့် ယင်းအခြေအနေကို အသုံးပြု လျှင် ထိုပဋိညာဉ်ကို မတရားသြဇာဖြင့် ရယူခြင်းဖြစ်သည်လို့ ဖော်ပြထားပါတယ်။ အဲဒီတော့ ပဋိညာဉ် တစ်ရပ်ဟာ တရားသြဇာလွှမ်းမိုးမှုကြောင့် ချုပ်ဆိုခဲ့ရရင် ပျက်ပြယ်ခွင့်ရတဲ့ ပဋိညာဉ် ဖြစ်ပါတယ်။

ဒါ့အပြင် ဒီငှားရမ်းသူနဲ့ ငှားရမ်းခြင်းခံရသူတွေကြား ဒီဆက်ဆံရေးတွေမှာလည်း တစ်ယောက် ယောက်က လွှမ်းမိုးနိုင်တဲ့အခြေအနေ ရှိမယ်ဆိုရင် ဒါဟာ မတရားသြဇာလွှမ်းမိုးခြင်းပဲ ဖြစ်ပါတယ်။ အဲဒီတော့ စိစစ်တွေ့ရှိချက်များထဲမှာ ဒီရွာသာကြီး အအေးခန်းနဲ့ ပစ္စည်းသိုလှောင်ရုံ (Ware House) တွေကို Profit Sharing အကျိုးတူပူးပေါင်း ၃၀း၇၀ နဲ့ စာချုပ်ချုပ်ဆိုပြီး တစ်လလျှင် (၅၆)သိန်းကျော် ပေးသွင်းတယ်လို့ ဒါ ဖော်ပြထားပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းတွေပေါ်မှာ နိုင်ငံတော်က မူလ

ကတည်းက ရင်းနှီးမြှုပ်နှံထားရတာ အများကြီး ရှိပါတယ်။ ဒါဟာ Private Equity Financing လို့လည်း ဒါပြောလို့ မရပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့ MICA က ခွင့်ပြုသည်ဖြစ်စေ၊ ပြည်ထောင်စု အစိုးရအဖွဲ့က ခွင့်ပြုသည်ဖြစ်စေ၊ မြေပြင်အခြေအနေမှာ နိုင်ငံတော်နှင့် ပြည်သူအကျိုး နစ်နာမှုရှိနေ လို့ရှိရင် ဒါဟာ ပြန်လည် သုံးသပ်ပြင်ဆင်ရမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတတိယအချက်အနေနဲ့ ကော်မတီရဲ့ စစ်ဆေးတွေ့ရှိချက်တွေ၊ သုံးသပ် အကြံပြုချက်တွေအရ ဒီလာဘ်ပေးလာဘ်ယူ အနေအထားတွေ ရှိ/မရှိဆိုတာကိုလည်း စစ်ဆေးသင့် ပါတယ်။ ဒီမူလအဆိုကို ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်တွေနှင့် ကြားဖြတ်အစီရင်ခံစာအရ ဒီ MICA နဲ့ပတ်သက်တဲ့ လုပ်ငန်းတွေဟာ ရှုပ်ထွေးမှုတွေရှိနေတဲ့အတွက်ကြောင့် ဌာနတွင်း လုပ်ဆောင် ခဲ့တဲ့ ဝန်ထမ်းတွေကို အဂတိလိုက်စားမှု ရှိ/မရှိ စိစစ်ရန် လိုအပ်ပြီး ပေါ်ပေါက်ပါကလည်း ဒီ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးဥပဒေနဲ့ပါ အရေးယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကော်မတီရဲ့ သုံးသပ်အကြံပြုချက် အပိုဒ် ၈(င)မှာပါတဲ့ ဒီ MICA နဲ့ စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့သော ကုမ္ပဏီအချို့က ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုကြောင်း အကြံပြုစာ၊ အကြံပြုချက်တွေကို ထည့်သွင်းစဉ်းစားသင့် ပါကြောင်း ဖော်ပြထားတာ ရှိပါတယ်။

ဒီကုမ္ပဏီတွေဟာ ဒီကိုယ်ကျိုးအတွက်ပဲ ကြည့်ပြီး Cooperation ပုံစံမျိုးနဲ့ ငှားရမ်းခတွေ၊ ပေးသွင်းခတွေ သက်သက်သာသာနဲ့ လုပ်ကိုင်ခွင့်ရထားတာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီ MICA နဲ့ ချုပ်ဆို လုပ်ငန်းဆောင်ရွက်ခဲ့တာတွေ ဘယ်လိုပုံတွေနဲ့ လုပ်ကိုင်ခဲ့ပါသလဲ။ ဥပမာ ကျွန်တော်တို့ Public, Private, Partnership ပုံစံ အဓိက(၄)မျိုးထဲက ကျွန်တော်တို့ BO လို့ခေါ်တဲ့ ပုဂ္ဂလိက ကနေပြီး ရင်းနှီးမြှုပ်နှံပြီးပိုင်ဆိုင်ကာ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိတဲ့ ပုံစံမျိုးလား။ ဒါမှမဟုတ် BOT လို့ခေါ်တဲ့ Project တစ်ခုကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံပြီးတော့ သတ်မှတ်ကာလမှာ အစိုးရကို ပြန်ပြောင်း ပေးရတဲ့ လုပ်ငန်းမျိုးလား။ ဒါမှမဟုတ် ကျွန်တော်တို့ BOS လား၊ BOD လား၊ ဘယ်လိုပုံစံတွေနဲ့ ဆောင်ရွက်ထားသလဲဆိုတာကို ဖော်ပြဖို့လိုပါတယ်။ လက်ရှိအချိန်ကာလမှာ ကျွန်တော်တို့နိုင်ငံမှာ သားငါးကဏ္ဍကလည်း ကျဆင်းနေတဲ့အချိန် ဖြစ်ပါတယ်။ ဒါကြောင့် စာချုပ်ပါ အချက်အလက်များကို ပြန်လည်သုံးသပ်ပြီးတော့ နိုင်ငံတော်နှင့်ပြည်သူ မနစ်နာစေဘဲ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးလာအောင် ဆောင်ရွက်မယ့် ဒီကုမ္ပဏီများနှင့်သာ စာချုပ်ချုပ်ဆို ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ လာဘ်ပေးလာဘ်ယူမှု အနေအထား တွေရှိခဲ့ရင်လည်း ဒီထိရောက်စွာ ကျွန်တော်တို့ မဖြေရှင်းနိုင်ရင် ဒါ အမြစ်တွယ်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံအတွက်လည်း အလားအလာ မကောင်းပါဘူး။ အဆိုတင်ထားတဲ့ ၆-၂-၂၀၁၇ ကတည်းက တင်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် စာရင်းရှင်းလင်း စိစစ်ရေးကော်မတီကို သမာသမတ်ရှိသူများနှင့် ဖွဲ့စည်းပြီးတော့ MICA နှင့်ဆက်စပ်လျက်ရှိတဲ့ လုပ်ငန်းတွေအပေါ်ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၇။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) က ဦးမျိုးဝင်း ဖြစ်ပါတယ်။ MICA နဲ့ ပတ်သက်တဲ့ ကြားဖြတ်အစီရင်ခံစာကို ကော်မတီက လွှတ်တော်ကို အပြည့်အစုံ ဖတ်ကြားတင်သွင်းခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် အစီရင်ခံစာ အကြောင်းအရာပါကိစ္စများအပေါ်ထက် ထိန်းညှိရမယ့် လုပ်ငန်းပိုင်းဆိုင်ရာ စနစ်များကို အလေးပေး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ MICA ဖွဲ့စည်းရခြင်းရဲ့ ရည်ရွယ်ချက်ဟာ နိုင်ငံတော်ရဲ့ သားငါးကဏ္ဍတိုးတက်ဖို့နဲ့ စားနပ်ရိက္ခာဖူလုံစေဖို့၊ အထောက်အကူပြုဖို့ဆိုပြီးတော့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ဒီအကြောင်းပြချက်နဲ့ MICA နိုင်ငံတော်ပိုင် မြေယာနှင့် အဆောက်အအုံတွေကို လွှဲပြောင်းရယူခဲ့ပါတယ်။ ဒီကဏ္ဍဖွံ့ဖြိုးရေးအတွက် တကယ်ပဲ လုပ်ဆောင်ခဲ့ပါရဲ့လားဆိုတာကို ကျွန်တော် အနည်းငယ် ချိန်ထိုးပြပါမယ်။ Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။

အစီရင်ခံစာပါ လုပ်ငန်း(၁၁)ခုကို လေ့လာကြည့်တဲ့အခါ အနှစ် (၃၀)(၄၀)(၅၀) သက်တမ်းရှိတဲ့ စာချုပ်ချုပ်ဆိုခဲ့တဲ့ ရက်များဟာ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲအပြီး အစိုးရအပြောင်းအလဲ ဖြစ်ဖို့သေချာနေပြီဆိုတဲ့အချိန်ကြမှ အလျင်စလိုချုပ်ဆိုထားတာ တွေ့ရပါတယ်။ တစ်ခါ နိုင်ငံတော် သားငါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုတဲ့ကဏ္ဍထက် နိုင်ငံပိုင်မြေပေါ်မှာ လက်ကားဈေး၊ Shopping Centre, အိမ်ဆိုင်တွေ၊ လူနေတိုက်ခန်းတွေ၊ ဆီဆိုင်တွေ၊ ကွန်ကရစ်ဖျော်စက်တွေ ဆောက်ဖို့ မြေနေရာ ငှားစားရောင်းစားဖို့ လုပ်ဆောင်နေတာတွေသာ တွေ့ရပြီး ဌာနပိုင်ငါးမွေးကန်ကို တစ်ယောက်က လက်သိပ်ထိုးယူ၊ ဈေးတင်ပြီးတစ်ဆင့်ခံ ပြန်အငှားချတဲ့ လုပ်ငန်းတွေကိုလည်း တွေ့ရပါတယ်။

ဒါကြောင့် ဒီလုပ်ငန်းကနေ တိုးတက်သွားမှာက နိုင်ငံတော်ရဲ့ သားငါးကဏ္ဍမဟုတ်ဘဲ MICA အဖွဲ့နဲ့ သူနဲ့ လက်ဝါးချင်းရိုက်ထားတဲ့ လူတစ်စုသာ ဖြစ်တယ်ဆိုတဲ့ အဆိုရှင်ရဲ့အဆိုဟာ မှန်ကန်နေတယ်ဆိုတာကို တွေ့ရပါတယ်။ အစီရင်ခံစာအရဆိုရင် ဒီလိုလုပ်ငန်းများဟာ နောက်ထပ် အခု(၄၀)လောက် ရှိသေးတယ်လို့လည်း ဆိုပါတယ်။ ဒါတွေဟာ အစီရင်ခံစာပါ မျက်မြင်အကြောင်းအရာများသာဖြစ်ပြီး စာချုပ်ရဲ့နောက်ကွယ်က ပတ်သက်ဆက်စပ်မှုများကို ကျွန်တော်တို့ မသိနိုင်သေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလုပ်ရပ်မျိုးဟာ Wikipedia ရဲ့ ဖွင့်ဆိုချက်အရ Corruption ပါပဲ။ လုပ်ပိုင်ခွင့်အပ်နှင်းခံထားရတဲ့ လူပုဂ္ဂိုလ်တစ်ဦးက ကိုယ့်အကျိုးစီးပွားအလို့ငှာ မရိုးသားတဲ့ ဒါမှမဟုတ် ကျင့်ဝတ်နှင့်မညီတဲ့ လုပ်ရပ်မျိုးကို Corruption လို့ အဓိပ္ပာယ်ဖွင့်ဆိုထား ပါတယ်။ ဒီအပြင် Political Corruption ဆိုသည်မှာ အစိုးရအရာရှိများက ဥပဒေနှင့်မညီဘဲ ကိုယ့်အကျိုးအမြတ်အတွက် အာဏာကို အသုံးပြုခြင်းဖြစ်သည်လို့ အဓိပ္ပာယ်ထပ်မံ ဖွင့်ဆိုထားပါတယ်။ အခု MICA အဖွဲ့ရဲ့ လုပ်ဆောင်ချက်တွေဟာလည်း ဒီလိုသဘောတရားနဲ့ အတူတူပဲဖြစ်နေပါတယ်။ ဒီလို အဂတိကို မြိန်ရေယှက်ရေစားသုံးလာခဲ့တဲ့ ဒီနိုင်ငံမှာ ရာစုထက်ဝက်ကျော်လာခဲ့ပါပြီ။ MICA လိုပဲ

နိုင်ငံပိုင်လုပ်ငန်းများကို လူတစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့က ကိုယ်ကျိုးစီးပွားအတွက် အလွဲအပြောင်း ရယူခဲ့တဲ့ ဖြစ်ရပ်တွေ၊ နိုင်ငံဘဏ္ဍာပစ္စည်းအလွဲသုံးမှုတွေ၊ လုပ်ငန်းရှင်က အာဏာပိုင်ကို Corruption အစား ကန်တော့တာလို့ မြန်မာမှုပြုပြီး လာဘ်ပေးနေတာတွေတို့ ပြည်သူတွေ ဘယ်လောက်ပဲ အော်အော်၊ တိုင်သူတွေ ဘယ်လောက်ပဲ ရှိရှိ တည်ဆဲဥပဒေပါ ပြစ်ဒဏ်တွေဘယ်လောက် ပြင်းထန်ပြင်းထန် လုပ်ခဲ့သူတွေက ပန်းပန်နေဆဲနိုင်ငံ ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါတွေနဲ့ ပတ်သက်ပြီး ဒီနေ့စီးပွားရေးမှာ Super Power ဖြစ်နေတဲ့ တရုတ်ပြည်ရဲ့ ကိုင်တွယ်ထိန်းကျောင်းပုံကို တင်ပြလိုပါတယ်။ တရုတ်ပြည်မှာ Political Corruption ကို သမ္မတရှီကျင့်ဖျင် (Xi Jin Ping) သူအာဏာရတဲ့ အချိန်ကစလို့ CCDI ဆိုတဲ့ အထူးအဖွဲ့ဖွဲ့ပြီး တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၇ ခုနှစ်၊ နှစ်ဝက်လောက်အထိ ဒီအဂတိတရား လိုက်စားမှုကြောင့် အရေးယူခံရတဲ့ လူပေါင်း(၂၁၀၀၀၀)ကျော်မှာ ပါတီထိပ်ပိုင်းက ပေါလစ်ဗြူရို အဖွဲ့ဝင်တွေ၊ တပ်ဖက်၊ အရပ်ဖက် အရာရှိကြီးငယ်တွေနဲ့ ကုမ္ပဏီပိုင်ရှင်ကြီး တွေအဆုံးပါဝင်ကြပြီး အမြင့်ဆုံးသေဒဏ်ကနေ တစ်သက်တစ်ကျွန်းအထိ ပြစ်ဒဏ်မျိုးစုံပါပါတယ်။

ဒီတော့ ဒီလောက် ပြင်းပြင်းထန်ထန် နှိပ်ကွပ်နေတဲ့ တရုတ်ပြည်မှာ ဒီ Corruption က ပျောက်သွားပြီလား။ ဒီအောက်တိုဘာလမှာ ကျင်းပခဲ့တဲ့ (၁၉)ကြိမ်မြောက် တရုတ်ပြည် ကွန်မြူနစ်ပါတီညီလာခံမှာ သမ္မတရှီကျင့်ဖျင် (Xi Jin Ping) က အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို အခုလို (၅)နှစ်လောက် ဖိဖိစီးစီး ဆောင်ရွက်ခဲ့တာတောင် ဒီဟာ အခုထက်တိုင် ပါတီရဲ့ရှင်သန်မှုကို အကြီးမားဆုံး ခြိမ်းခြောက်နေတာလို့ သတိပေးနေတာကို ကြည့်ရင် ဒီ Corruption ဆိုတာ အင်မတန် ကုသရခက်တဲ့ ကင်ဆာလို ဝေဒနာဖြစ်တယ်ဆိုတာကို သိသာပါတယ်။ ကျွန်တော်တို့ဆီမှာလည်း မနေ့တစ်နေ့ကပဲ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသစ်ကို ပြန်လည်ဖွဲ့စည်းပြီး ဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ တရုတ်ပြည်မှာလိုပဲ အားကောင်းမောင်းသန် ဖြစ်လာမလား။ အရင်အဖွဲ့လိုပဲ တိုင်သူမရှိရင် ဘာမှမလှုပ်၊ တိုင်သူရှိရင် နည်းနည်းလှုပ်တဲ့အဖွဲ့ ဖြစ်လေမလား ဆိုတာကတော့ ကျွန်တော်တို့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

တရုတ်ပြည်မှာက တိုင်းကြားသူ ရှိရှိ၊ မရှိရှိ လူတစ်ယောက်ဟာ ပုံမှန်မဟုတ်တဲ့ နည်းလမ်းနှင့် ချမ်းသာကြွယ်ဝလာပြီဆိုတာနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းက မျက်ချေမပြတ် စောင့်ကြည့်လေ့လာပြီး သံသယရှိပြီဆိုတာနဲ့ စပြီး စိစစ်မှုလုပ်တဲ့နည်းနဲ့ အဂတိတရားကို ချေဖျက်တာ ဖြစ်ပါတယ်။ သူ့တာဝန်ကို သူလုပ်ပါတယ်။ ကျွန်တော်တို့နဲ့ ကွာနေတာ အဲဒါပါပဲ။ ဒီမှာဖြစ်နေတာက လူအမုန်းခံပြီး တိုင်သူရှိမှ အခန့်မသင့်ရင် တိုင်သူပါ တရားခံဖြစ်သွားနိုင်ပါတယ်။ အချက်အလက်ကလည်း ခိုင်လုံတိကျဦးမှ၊ ဒါတွေ ပြည့်စုံရင်တောင် ဥပမာ ၂၀၁၅၊ ၂၀၁၆ စာရင်းစစ်ချုပ် အစီရင်ခံစာထဲမှာ Data အတိအကျနဲ့ နိုင်ငံဘဏ္ဍာကို အလွဲသုံးမှုတွေကို ကျူးလွန်ခဲ့သူတွေ ဒီနေ့ထိ ပန်းပန်လျက်ပါပဲ။ ယူထားတာ ပြန်ပေးလိုက်ရင် ပြီးပြီပေါ့ဆိုပြီး သဘောထားနေသမျှကာလပတ်လုံး ဒီ MICA လို အဖြစ်အပျက်မျိုးတွေက တန်းစီပြီး လာကြဦးမှာ ဖြစ်ပါတယ်။ ကျွန်တော်တောင် အခုဒီလိုပြောလို့ မုန်းသူတွေ ပေါ်ဦးမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်ရရင် အခုကော်မတီက တင်သွင်းတဲ့ အစီရင်ခံစာပါ အကြံပြုဆွေးနွေးချက်များကို အစိုးရအနေနဲ့ တိတိကျကျ လိုက်နာဆောင်ရွက်ပေးပါရန်နှင့် နောင်အခါ ဒီလို အကျင့်ပျက်ခြစားမှုမျိုး အဂတိတရားတွေ မဖြစ်ပေါ်အောင် အစိုးရသစ်အနေနဲ့ တရုတ်ပြည်လိုမျိုး ဖိဖိစီးစီး ကြပ်မတ်ဆောင်ရွက်ဖို့ အချိန်ကြရောက်နေပြီဖြစ်ပါကြောင်း တိုက်တွန်းဆွေးနွေးရင်း အစိုးရရဲ့ အာမခံချက်ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက တင်သွင်းသော ကြားဖြတ်အစီရင်ခံစာအပေါ် ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၅၂။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ မင်းလှ-မိုးညို-အုတ်ဖိုမြို့နယ်ရဲ့ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)က နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုးအဆိုတင်သွင်းသွားတဲ့ MICA အဆိုနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ စိစစ်တွေ့ရှိချက် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို ၁၆-၉-၂၀၁၇ ရက်နေ့ကနေပြီးတော့ ၂၂-၉-၂၀၁၇ ရက်နေ့အထိ သွားရောက်စစ်ဆေး ပြီးတော့ ကြားဖြတ်အစီရင်ခံစာအပေါ်မှာ ထောက်ခံအကြံပြုပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ MICA ဟာ မူလရည်ရွယ်ချက်က သားငါးကဏ္ဍတိုးတက်ရန်နှင့် ရိက္ခာဖူလုံရန်ဆိုပြီးတော့ ရည်ရွယ်ချက်ကောင်းတွေနှင့် လုပ်ခဲ့သော်လည်း လုပ်ငန်းတွေကမကောင်းတဲ့အတွက်ကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေ ပယ်ချခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို ပယ်ချခဲ့တဲ့ MICA ရဲ့ ပိုင်ဆိုင်တဲ့လုပ်ငန်းတွေ၊ စက်ရုံတွေ၊ ခြံမြေတွေကို မည်သို့စီမံခန့်ခွဲထားသလဲ ရရှိတဲ့ ငွေကြေးစီမံခန့်ခွဲမှုတွေကို သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပွင့်လင်းမြင်သာစွာ ဖော်ထုတ်ပေးဖို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက မိမိတို့ရဲ့ များပြားလှတဲ့ တာဝန်တွေထဲကနေပြီးတော့ အခုလိုကွင်းဆင်းပြီးတော့ အရှုပ်အထွေးများလှတဲ့ ဒီလုပ်ငန်းတွေကို သွားရောက်စစ်ဆေးပေးတဲ့အတွက်ကြောင့် ဝမ်းမြောက်ချီးကျူးမိပါတယ်။

တစ်ခါ ဒီလိုသွားရောက်စစ်ဆေးတဲ့အခါမှာ လောလောဆယ်ကတော့ ဒီကော်မတီဟာ ကျွန်တော်တို့ MICA နှင့် ဆက်စပ်ပြီး စာချုပ်ချုပ်ထားတဲ့ ကုမ္ပဏီတွေနဲ့ ကျွန်တော်တို့ လုပ်ငန်းရှင်တွေကိုပဲ

သွားရောက် စုံစမ်းစစ်ဆေးထားတာကိုလည်း တွေ့ရှိရပါသေးတယ်။ MICA ရယ် ၊ သက်ဆိုင်ရာဝန်ကြီးဌာနပုဂ္ဂိုလ်တွေနဲ့ သွားရောက်စစ်ဆေးထားတာ မတွေ့ရှိရသေးသလို အဲဒီ MICA နဲ့ လုပ်ငန်းတွေရယ်၊ စက်ရုံတွေရယ်၊ ခြံမြေတွေရဲ့ ကျွန်တော်တို့ ဒီ စီမံခန့်ခွဲထားမှုနဲ့ ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ MICA ကနေပြီးတော့ သူတို့ရဲ့လုပ်ငန်း၊ ငွေကြေးစီမံခန့်ခွဲမှုတွေကို ကော်မတီ ကို ရှင်းလင်းတင်ပြထားတာတွေ မရှိသေးတာကို တွေ့ရပါတယ်။ အဲဒီတော့ ဒီကော်မတီအနေနဲ့ ကျွန်တော်တို့ မွေးဆေးတက္ကသိုလ်ရယ်၊ ငါးလုပ်ငန်းအတတ်သင်သိပ္ပံအပါအဝင် လုပ်ငန်း(၁၃)ခုကို သွားရောက်စစ်ဆေးထားတာကို တွေ့ရပါတယ်။

အဲဒီအထဲကမှ (၁၁)ခုမှာ ကျွန်တော်တို့ ငါးလုပ်ငန်းဦးစီးဌာနပိုင် လုပ်ငန်း(၆)ခုနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနပိုင် လုပ်ငန်း(၅)ခု အားလုံးပေါင်း (၁၁)ခုကို ကွင်းဆင်းဆောင်ရွက်ထားတာကို တွေ့ရှိရပါတယ်။ အဲဒီ (၁၁)ခုထဲကမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC ရဲ့ ခွင့်ပြုချက်ရထားတာက တစ်ခုတည်းပဲ ရှိပါတယ်။ အဲဒီဟာကတော့ အောင်ဖြိုးမြတ် ကုမ္ပဏီပိုင်တဲ့ အင်းစိန်အနောက်ကြို့ကုန်းက Jetty တစ်ခုပဲရှိပါတယ်။ ကျန်တဲ့ (၁၀)ခုကတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရ အစည်းအဝေးဆုံးဖြတ်ချက်အရ လုပ်ကိုင်ထားတာကို တွေ့ရပါတယ်။ အဲဒီလုပ်ငန်း(၁၁)ခုကို ကုမ္ပဏီ(၇)ခုက လုပ်ထားတာကိုလည်း တွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ပထမဆုံး ပြောချင်တာကတော့ အဲဒီလုပ်ထားတဲ့ လုပ်ငန်း(၁၁)ခုထဲမှာ ကျွန်တော်တို့ MICA ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ သားငါးကဏ္ဍတိုးတက်ဖို့နှင့် ရိက္ခာဖူလုံဖို့အတွက် ဆောင်ရွက်တဲ့လုပ်ငန်းက (၄)ခုပဲရှိပြီးတော့ မဆောင်ရွက်တဲ့ လုပ်ငန်း(၇)ခုကို တွေ့ရှိရပါတယ်။

ကော်မတီရဲ့စစ်ဆေးတွေ့ရှိချက်မှာ လုပ်ငန်းအကျိုးအမြတ်ခွဲဝေမှုအပိုင်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဒီ လုပ်ငန်းအပ်နှံသူဘက်က (၃၀)ရာခိုင်နှုန်း၊ လုပ်ငန်းဆောင်ရွက်တဲ့သူဘက်က (၇၀)ရာခိုင်နှုန်းလို့ ဆိုထားသော်လည်း တကယ်လက်တွေ့မှာတော့ လုပ်ငန်းကို မြေငှားရမ်းခတွေ၊ လူငှားရမ်းခတွေနဲ့ ပေးသွင်းထားတဲ့ သဘောကိုပဲ တွေ့ရှိရသလို သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့နှင့် ရိက္ခာဖူလုံစေရန် ရည်ရွယ်ချက်ကို အခြားစီးပွားရေး လုပ်ငန်းတွေ ပြောင်းလုပ်နေတာတွေရယ်၊ လုပ်ငန်းတွေကို ထပ်မံပြီးတော့ ဆင့်ပွားလုပ်ကိုင်နေတာတွေကို တွေ့ရှိတဲ့အတွက်ကြောင့် ဥပဒေရှုထောင့်က ကြည့်လျှင် ဥပဒေပညာရှင်တွေအနေနဲ့ ဘယ်လိုစာချုပ်မှာ ဘယ်လိုဥပဒေတွေနဲ့ ငြိစွန်းနေတာတွေကို ဖော်ထုတ်ပြီးတော့လည်းပဲ စစ်ဆေးသင့်ပါတယ်လို့ တင်ပြချင်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ ဒီ ကော်မတီအနေနဲ့ သွားရောက်စစ်ဆေးတဲ့အခါမှာ MICA က ကျွန်တော်တို့ အစိုးရတက်ခါနီးအချိန် ဆောလျင်စွာနဲ့ တက်ခါစ အချိန်တိုကာလအတွင်းမှာ စာချုပ်အများစုကို ချုပ်ဆိုခဲ့တာကို တွေ့ရှိရပြီးတော့ အဲဒီလိုချုပ်ဆိုတဲ့အတွက်ကြောင့် အခုလိုအချိန်အခါမှာ အချိန်ကာလနှင့် လိုက်လျောညီထွေစွာ ကျွန်တော်တို့ နှစ်ဦးနှစ်ဖက်နစ်နာမှုမရှိအောင် စာချုပ်ထပ်မံချုပ်ဆိုဖို့ဆိုပြီး အကြံပြုထားတာကိုတော့ ကျွန်တော်က ကန့်ကွက်ချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီလုပ်ငန်းတွေက နဂိုကတည်းက MICA ကို ဖျက်သိမ်းပြီးတာက တစ်ကြောင်း၊ နောက်တစ်ခါ သူတို့တွေက ကျွန်တော်တို့ သတ်မှတ်ထားတဲ့ စာချုပ်အတိုင်း မလုပ်တာတွေက တစ်ကြောင်းကြောင့် ကျွန်တော်တို့ စီးပွားရေးစီမံခန့်ခွဲတာတွေ၊ ငွေကြေးစီမံခန့်ခွဲတာတွေ ရှင်းလင်းဖို့ လိုအပ်ပါတယ်။

တစ်ခါ Rich Farm ကုမ္ပဏီတို့၊ Glory Heyday ကုမ္ပဏီတို့၊ နောက်တစ်ခါ ကျွန်တော်တို့ MICA Power စက်သုံးဆီအရောင်းဆိုင်တို့၊ FGDC (First Golden Dragon Construction) ကုမ္ပဏီတို့ကနေပြီးတော့ ဒီ ကျွန်တော်တို့ရဲ့ ကော်မတီကို လာရောက်စစ်ဆေးတဲ့ ကော်မတီကို အကြံပြုစာ ပေးတဲ့အခါမှာပေးပြီးတော့ သူတို့ရဲ့လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်ဖို့ ဆိုပြီးတော့ တင်ပြထားတာနဲ့ ပတ်သက်လို့လည်းပဲ ဒါတွေက ဆက်လက်ပြီးတော့ စာချုပ် မချုပ်ဆိုသင့်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီ ကုမ္ပဏီတွေဟာ နဂိုကတည်းက စည်းကမ်းဖောက်ဖျက်ထားတာရယ်၊ သူတို့ချုပ်ဆိုမယ့် MICA အဖွဲ့အစည်းဟာလည်း ဖျက်ဆီးပြီးတဲ့ ကျွန်တော်တို့ MICA ဖြစ်တာက တစ်ကြောင်း၊ နောက်တစ်ခါ တကယ်လို့ ဆက်လက်ချုပ်ဆိုမယ်ဆိုရင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ချုပ်ဆိုမယ်ဆိုလို့ရှိရင်လည်းပဲ ခုနကလို သူတို့ရဲ့ပိုင်ဆိုင်မှုတွေရယ်၊ ရရှိခဲ့တဲ့ ငွေကြေးစီမံခန့်ခွဲမှုတွေကို ဥပဒေကြောင်းအရ အရင်စစ်ဆေး ပြီးမှ ကျွန်တော်တို့ ချုပ်ဆိုသင့်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၈။**

**ဦးဇော်ဟိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဟိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာဟာ စာမျက်နှာ(၂၀) ပါရှိပါတယ်။ အစိုးရ၏ အာမခံများ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင် (၁၂)ဦးမှ (၇)ရက်တာ ကွင်းဆင်းခဲ့ပြီးတော့ တွေ့ရှိချက်များကို ဖော်ပြထားတာ တွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာရဲ့ စာမျက်နှာ(၉) တွေ့ရှိတဲ့အပိုဒ် ၆၊ (ဆ)မှာ အောင်ဖြိုးမြတ်ကုမ္ပဏီဟာ Jetty ဆောက်လုပ်ရန်အတွက် ကျပ်သိန်းပေါင်း (၃၀၀၀၀) ချေးယူထားတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့တောင်သူများဟာ အစိုးရဆီက စိုက်ပျိုးချေးငွေရရှိဖို့အတွက် မိမိတို့ရဲ့ လယ်မြေပိုင်ဆိုင်မှု ပုံစံ(၇)ကို မိတ္တူပုံပေးပြီးမှသာ လယ်တစ်ဧကကို တစ်သိန်းထက် မပိုပါဘူး။ ပြီးတော့မှ (၁၀)ဧကထက် ပိုပြီးတော့ ချေးလို့မရပါဘူး။ အောင်ဖြိုးမြတ် ကုမ္ပဏီဟာ Jetty ဆောက်လုပ်ရန်အတွက် ကျေးလက်ဘဏ်မှ ချေးယူငွေကို မည်သည့်အပေါင် ပစ္စည်းထား၍ ချေးယူခဲ့ပါသလဲ။ အစီရင်ခံစာမှာ မည်သည့်အပေါင်ပစ္စည်းမှ ဖော်ပြထားတာ မတွေ့ရ ပါဘူး။ အကယ်၍ အစိုးရပိုင်မြေကို ငှားရမ်းပြီးတော့ အစိုးရကို ပြန်ပေါင်လိုက် သလား။ ဥပဒေနဲ့ ရော ညီညွတ်မှုရှိသလား။ သိလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အောင်ဖြိုးမြတ် ကုမ္ပဏီအနေဖြင့် ချေးယူစဉ်က နိုင်ငံတော်ရဲ့ငွေ ကျေးလက်ဘဏ်မှဖြည့်ပြီး ယခုကျေးလက်ဘဏ်က ပုဂ္ဂလိက ဖြစ်သွား ပြီးပြန်ဆပ်ရင် နိုင်ငံတော်ကို

ပြန်ဆပ်မှာလား။ ပုဂ္ဂလိကကို ပြန်ဆပ်မှာလားဆိုတာကို သိလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဘဏ်အဖြစ် ဖွဲ့စည်းခဲ့တဲ့ ကျေးလက်ဘဏ်ဟာ ထိုမြေကို ဆက်လက် မသုံးစွဲသင့်ကြောင်း အစီရင်ခံစာပါ အကြံပြုချက်ကို ထောက်ခံအပ်ပါတယ်။ အစီရင်ခံစာပါ MIC ခွင့်ပြုမိန့်အမှတ် မနသ ၁၁၉၈/၂၀၁၆ ခွင့်ပြုခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၉-၄-၂၀၁၅ အစည်းအဝေး အမှတ်စဉ် (၁၀/၂၀၁၅) အရ အောင်ဖြိုးမြတ်ကုမ္ပဏီမှ စတင်လုပ်ဆောင်နေကြောင်း ဖော်ပြထားပါတယ်။

ခွင့်ပြုမိန့်နောက်ကျပြီးတော့မှ လုပ်ငန်းလုပ်ဆောင်ခဲ့ပါတယ်။ MIC ရဲ့ ခွင့်ပြုမိန့်မရသေးဘဲ လုပ်ဆောင်နေတာဟာ လက်ခံနိုင်စရာအကြောင်း မရှိပါဘူး။ အစောပိုင်းလုပ်ဆောင်နေတဲ့ လုပ်ငန်းများဟာ တရားဝင်ရဲ့လား။ ဥပဒေနှင့်ရောညီညွတ်ရဲ့လား။ နိုင်ငံတော်ကိုရော အခွန်ဘယ်လိုပေးခဲ့သလဲ။ အဆိုပါ MIC ရဲ့ ခွင့်ပြုမိန့်ဟာ ၁၁၉၈/၂၀၁၆ ကဖော်ပြပါရှိပြီး Permit ခွင့်ပြုမိန့်ရက်စွဲကို ထည့်သွင်းဖော်ပြခြင်း မရှိသည်မှာလည်း အဘယ်ကြောင့် မထည့်သွင်းသလဲဆိုတဲ့ဟာကို သိလိုပါတယ်။ ကျွန်တော်တို့ သိထားတဲ့ Permit ရတဲ့ ရက်စွဲဟာ ယခုဖော်ပြချက်နဲ့ ကွဲလွဲနေပြီး Back date နဲ့ ပြန်လုပ်ထားတာ တွေ့ရပါတယ်။ ဒီလိုဥပဒေနဲ့ မညီညွတ်တဲ့ Back date နဲ့ ပြန်ချုပ်နေရင် လူတွေဟာ နောင်တစ်ချိန်မှာ ဥပဒေကို လေးစားလိုက်နာမှု အားနည်းလာမှာ ဖြစ်တဲ့အတွက် ဒါတွေကို သတိမူသင့်တယ်လို့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာပါ MICA စတင်ဖွဲ့စည်းတဲ့နေရာမှာ ဌာနပုဂ္ဂိုလ်အများစုက ဖြစ်ပြီး ဖျက်သိမ်းရမှာလည်း ထိုလူများသာဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ၂၄-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၇)ကို ဖျက်သိမ်းသင့်ကြောင်း ကော်မတီမှ အကြံပြုချက်ကို ထောက်ခံပါကြောင်းနှင့် တတ်သိပညာရှင်များ၊ ဥပဒေကျွမ်းကျင်ပညာရှင်များနှင့် ပါဝင်သင့်ပါဝင်ထိုက်တဲ့ သက်ဆိုင်သူအဖွဲ့အစည်းများဖြင့် ပြန်လည်ဖွဲ့စည်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်ငါးလေလံဈေး၊ ငါးတင်/ငါးချဆိပ်ကမ်းရှိပြီးသားဖြစ်ပေမယ့် ဌာနမြေကို အငှားချပြီး အစိုးရငွေနဲ့ တည်ဆောက်ထားတဲ့ ငါးတင်/ငါးချဆိပ်ကမ်းကို အားပေးရင် ထိုင်းနိုင်ငံနယ်စပ်အနီး တနင်္သာရီတိုင်းဒေသကြီးရဲ့ လိုအပ်ချက်၊ မြန်မာနိုင်ငံရဲ့ အရေးပါတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ လက်အောက်မှာရှိတဲ့ ငါးလုပ်ငန်းဦးစီးဌာနနဲ့ အကျိုးတူ ပူးပေါင်းလုပ်ဆောင်နေတဲ့ ငါးတင်/ငါးချဆိပ်ကမ်း၊ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး မြိတ်မြို့ရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကျတော့ မည်သည့်အတွက်ကြောင့် ကြန့်ကြာအောင် လုပ်ဆောင်နေသလဲ ဆိုတာကို သိလိုပါတယ်။

အပြည်ပြည်ဆိုင်ရာငါးလေလံဈေး မြိတ်မြို့ဟာ ငါးလုပ်ငန်းဦးစီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ထားကြောင်းသိပါလျက်နှင့် ဝန်ကြီးဌာနက မည်သည့်အတွက်ကြောင့် ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နှောင့်နှေးသလဲ။ ဒီလိုနှောင့်နှေးခြင်းဟာ အခွန်ဘဏ္ဍာ နေ့စဉ် မည်မျှဆုံးရှုံးပြီး ပင်လယ်ကျေးရွာများမှ ဒေသခံများ၊ အိမ်နီးချင်းနိုင်ငံကို ရွှေ့ပြောင်းအလုပ်သမားအဖြစ် သွားရောက်နေကြပြီး ငါးလေလံဈေး ပိုလာပါက အမိမြန်မာနိုင်ငံကို တိုင်းတစ်ပါးမှ ပြန်လည်ခေါ်ယူနိုင်မှာကို သိပါလျက်နှင့် အဘယ်ကြောင့်လျစ်လျူရှုထားသလဲဆိုတာကို မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ အစစအရာရာ လိုအပ်ချက်များရှိနေပြီး လာရောက်ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ စိန်ခေါ်မှုရှိတဲ့

တနင်္သာရီတိုင်းဒေသကြီးမှာ ယုံကြည်စွာလာရောက်အပ်နှံတဲ့ FDI ကို ဥပဒေနှင့်အညီ ကာကွယ်ပေး မည့်အစား ရင်းနှီးမြှုပ်နှံခွင့်ရပြီးသားကို အချိန်ဆွဲပြီးနေလေတော့ အစိုးရနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံ မှုဥပဒေကို အယုံအကြည်ကင်းမဲ့သွားနိုင်ပါသဖြင့် ဆောလျင်စွာ လုပ်ဆောင်ဖို့ တိုက်တွန်းလိုပါတယ်။

အခုလို FDI ကို ဖိတ်ခေါ်ပြီး FDI အဝင်နည်းနေစဉ်မှာ အခုလိုလုပ်ငန်းကြန့်ကြာအောင် လုပ်ဆောင်နေခြင်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ အာမခံချက်နှင့် ဆန့်ကျင်နေပါတယ်။ ဒီ့အတွက်ကြောင့် အစိုးရကိုအယုံအကြည်ကင်းမဲ့သွားမှာ ဖြစ်ပြီး ဥပဒေနှင့်အညီ ကာကွယ်ပေးနေသည့် အိမ်နီးချင်းတိုင်းပြည်တွေဆီ ရောက်သွားနိုင်ကြောင်း တင်ပြအပ် ပါတယ်။ အစီရင်ခံစာပါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေး/ကုဌာနမှ ကြက်ခြံ ခြံစက်ရုံ(၄၉)ခုရှိပြီး MICA နှင့်စာချုပ်ချုပ်ဆိုသော စက်ရုံခြံ (၆)ခုအနက် (၅)ခုအား တင်ပြထားတာ ဖော်ပြထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်းကုန်းစက်ရုံဟာ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ MICA သို့ လွှဲပြောင်းရယူထားကြောင်း သိရှိရပါတယ်။ နိုင်ငံတော်ပိုင်စက်ရုံများကို MICA အဖွဲ့အစည်း ကဲ့သို့သော လွှဲပြောင်းရယူနေပြီး လုပ်ငန်းလုပ်ကိုင်နေသော အဖွဲ့အစည်းများ နောက်ထပ်ရှိ သေးသလား ဆိုတာ မေးခွန်းထုတ်စရာ သံသယဖြစ်စရာ ကောင်းလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာပါ တည်းကုန်းအစာချက်စက်ရုံ မြေလွတ်(၁)ဧကကို MICA Power အနေနဲ့ စက်သုံးဆီရောင်းချနေပြီး ၎င်းနှင့်ဆက်စပ်လျက်ရှိသော အစာချက်စက်ရုံကို မည်သည့် ရည်ရွယ်ချက်ကြောင့် အကောင်အထည်မဖော်နိုင်ကြောင်းကို ကော်မတီမှ စိစစ်ပေးပါရန် တင်ပြအပ် ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေး/ ကုဌာနမှ ခြံနှင့်စက်ရုံ (၄၉)ခု ရှိကြောင်း အစီရင်ခံစာအရသိရှိရပြီး အဲဒီထဲမှာမှ ပျဉ်းမပင်၊ နွယ်ခွေ ကြက်မွေးမြူရေးခြံ စုစုပေါင်း (၃၇.၃၁)ဧကကို ပုဂ္ဂလိကသို့ ငှားရမ်းထားပြီး (၁၀)ဧကကို ဒေါ်လာ နှစ်သိန်းခြောက်သောင်းဖြင့်လည်းကောင်း၊ (၂၇.၃၁) ဧက.....။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၀၅။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်းမှ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မြန်မာနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Myanmar International Cooperation Agency) MICA အဖွဲ့အစည်း ဆောင်ရွက်ချက်များသည် နိုင်ငံသူ၊ နိုင်ငံသားများ အကျိုးမရှိစေသော၊ အကျိုးပြု မှုနည်းသော လုပ်ငန်းများဖြစ်ပါ၍ ဖျက်သိမ်းပြီး၊ ပြည်သူ၊ ပြည်သားအကျိုးပွားစေရန် ပြန်လည် စိစစ်သည့် လုပ်ငန်းဖြစ်သလို အမှားကိုအမှားမှန်းသိပြီး အမှန်ဖြစ်အောင် ပြန်လည်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါ၍ ဝမ်းနည်းဝမ်းသာစွာ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင်များ၊ စွမ်းနိုင်သလောက် ဆောင်ရွက်တင်ပြထားရှိမှုကိုလည်း နိုင်ငံသူ၊ နိုင်ငံသားများ ကိုယ်စား ကျေးဇူးတင်အပ်ပါတယ်။ ကျွန်တော်ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ)ဒေါက်တာအားကာမိုးရဲ့ MICA နှင့်ပတ်သက်၍ တင်သွင်းခဲ့တဲ့ အဆိုကိုလည်း ထောက်ခံဆွေးနွေးခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်မှာ သတိဆိုတဲ့ပေတံဖြင့် မှားနေရင် ဘက်မလိုက်ဖို့။ ဆက်လက်လုပ်ကိုင်ခွင့်မပြုဖို့ ဖျက်သိမ်းမည်ဆိုပါက သတိနဲ့ ဆင်ခြင်ရပါမည်။ သက်ဆိုင်သူပုဂ္ဂိုလ်များ အဖွဲ့တွေဖွဲ့ပြီး ဝင်ငွေ၊ ထွက်ငွေကို အောက်မေ့မှတ်သားရပါသည်ဟုဆိုခဲ့ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနသည် အမှားနည်းနိုင်သမျှနည်းအောင် တည်တည်ငြိမ်ငြိမ်နှင့် သမာဓိရှိစွာဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းဖို့ လိုမည်ဖြစ်ကြောင်းလည်း တင်ပြထားခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့်လည်း စည်းမျဉ်း၊ စည်းကမ်း ဘောင်ထဲကပဲ မြေပြင်ပကတိ အနေအထားအား စစ်ဆေးတွေ့ရှိမှုများအား တင်ပြထားခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ကျွန်တော်ဝန်ထမ်းဘဝ အတွေ့အကြုံဖြင့် တင်ပြရသော် ကုန်ပစ္စည်း၊ ဘဏ္ဍာငွေကိုင်တွယ်ရသည့် ဌာနများမှာဆိုရင် တိုင်းနှင့်ပြည်နယ်၊ မြို့နယ်စာရင်းရုံးများက စစ်ဆေးရသလို၊ ဌာနတွင်းစာရင်းစစ် (Internal Audit) ဆိုတာ ရှိပါတယ်။ ဝန်ကြီးဌာနဆိုလျှင် ဗဟိုစာရင်း စစ်ချုပ်ရုံးက စစ်ဆေးရပါတယ်။ စာရင်းအင်းကို ပထမဦးစွာ စစ်ဆေးပါတယ်။ ပစ္စည်း အဝင်အထွက်၊ နေ့စဉ်အရောင်းလယ်ဂျာမှာ အဝင်အထွက် ရှိ/မရှိ စာရင်းဇယားများ စစ်ဆေးပြီးမှ ကုန်ရုံအတွင်း မြေပြင်လက်ကျန်၊ Ground လက်ကျန်ကို ကိုက်ညီမှုရှိ/မရှိ စစ်ဆေးအတည်ပြုကြရပါတယ်။ ဥပမာ တိုင်းအဆင့်မှာ ပြဿနာကိစ္စတစ်ခု ဖြစ်ပြီဆိုရင် တိုင်းအဆင့် ဌာနဆိုင်ရာစီမံခန့်ခွဲမှုဖြင့် ဌာနပေါင်းစုံစစ်ဆေးရေးအဖွဲ့၊ ခုံအဖွဲ့ဖြင့် စစ်ဆေးကြရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကော်မတီအနေဖြင့် ဝန်ကြီးဌာန၏ ဖျက်သိမ်းမှုဆောင်ရွက်ပြီးစီးမှု၊ အခြေအနေတင်ပြစာဖြင့်သာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် သွားရောက်ပြီး မြေပြင်အနေအထားကိုသာ စစ်ဆေးခဲ့ရခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနမှ မူလကတည်းကအတိုင်း ဖက်စပ်လုပ်ကိုင်သည့် ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် ချုပ်ဆိုထားသည့် စာချုပ်စာတမ်းများသာ ပွင့်လင်းမြင်သာစွာ ပေးအပ်ပြောကြားခဲ့မည်ဆိုလျှင် ပိုပြီးစစ်ဆေးရတာ လွယ်ကူလိမ့်မယ်လို့ ထင်မြင်ယူဆမိပါတယ်။ MICA ဖျက်သိမ်းရာတွင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် စာရင်းစစ် ပြင်ပစာရင်းစစ်လုပ်ငန်းမှ တင်ပြစစ်ဆေးချက်သာရှိကြောင်း သိရှိရပြီး လက်မှတ်ရ ပြင်ပစာရင်းစစ်များသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကုမ္ပဏီများ၊ လုပ်ငန်းများအတွက် အသုံးဝင်မည်ဖြစ်ပြီး ဝန်ကြီးဌာန နိုင်ငံတော်ပိုင်ကိစ္စများတွင် စာရင်းစစ်ချုပ်ရုံးမှ သဘောထားမှတ်ချက် မဟုတ်ဘဲ စာရင်းစစ်မြေပြင်ပကတိ အနေအထားတိုက်ရိုက် စစ်ဆေးအတည်ပြုပေးရန် လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့ကိစ္စရပ်များတွင် နှုတ်ဖြင့် သဘောတူညီမှုသာ ရှိပါ၍ အစိုးရသစ် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ အသိပေးတင်ပြထားခြင်း မရှိကြောင်း ကော်မတီမှ တင်ပြထားပါတယ်။ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ချုပ်ဆိုထားသော ကိစ္စရပ်များတွင် မြန်မာ့ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) နှင့် ခွင့်ပြုချက် တစ်ခုတည်းသာ တွေ့ရှိကြောင်း တင်ပြထားပါတယ်။ သို့ပါ၍ MICA စတင်ဖွဲ့စည်းရာတွင် ပါဝင်ကြသူများသည် ဌာနဆိုင်ရာပုဂ္ဂိုလ်အများစုသာ ပါဝင်ခဲ့ကြ ပြီးတော့ MICA ဖျက်သိမ်းရာတွင်လည်း ဌာနမှ ထိုပုဂ္ဂိုလ်များကပင် ပါဝင်နေကြသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ၂၄-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၈/၂၀၁၇)ဖြင့် ဖွဲ့စည်းခဲ့သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး ကြီးကြပ်မှုကော်မတီကို ပြန်လည် သုံးသပ်ဖွဲ့စည်းသင့်ပါကြောင်း အကြံပြုတင်ပြချက်နှင့် နိုင်ငံတော်သမ္မတရုံးမှ MICA အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဖျက်သိမ်းရန် သဘောတူခွင့်ပြုခဲ့ပြီး ဖြစ်သော်လည်း အချိန်ကန့်သတ်ချက် မရှိပါသောကြောင့် အချိန်ကန့်သတ်ချက်ဇယား ထည့်သွင်းဆောင်ရွက်ပေးနိုင်ပါက လုပ်ငန်းများ ပိုမို ထိရောက်မည်ဖြစ်ကြောင်း သုံးသပ်အကြံပြုဆွေးနွေးတင်ပြချက်အား ကျွန်တော့်အနေဖြင့် ကြိုဆို ထောက်ခံပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့၊ မန္တလေးတိုင်းမွေးမြူရေးအဖွဲ့ချုပ် ငွေပင်လယ်တို့ ပူးပေါင်းဆောင်ရွက်တဲ့ နိုင်ငံတကာ မွေးမြူရေးနှင့် စီပွားရေးပြပွဲအခမ်းအနား အမျိုးသားလွှတ်တော် စိုက်၊ မွေး၊ ရေ ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့သည့် အခမ်းအနား အတွေ့အကြုံမှာ မန္တလေးတိုင်းမွေးမြူရေးအဖွဲ့ချုပ်၊ အဖွဲ့ဝင် (၃၆)ဦး၊ တစ်စုသိန်း(၅၀၀)နှင့် ထည့်ဝင်ပြီးတော့ ကြက်မွေးမြူရေးခြံလုပ်ငန်းလုပ်တော့ မြေနေရာ အသုံးချခွင့်မရရှိသေးသလိုပါပဲ။ CP ကြက်စာကို သူများနိုင်ငံတွေက လုပ်သလို ကိုယ့်နိုင်ငံကလည်း မလုပ်နိုင်ဘူးလားလို့ ကျွန်တော်တို့ မေးတဲ့အခါမှာ နေရာပေးမည်ဆိုပါက ထုတ်လုပ်နိုင်ကြောင်း တင်ပြ ပြောဆိုခဲ့ကြပါတယ်။ MIC အနေနဲ့ကတော့ အဖွဲ့စတင်ဖွဲ့စည်းစဉ် အစပျိုးထည့်ဝင်ငွေ ဝန်ကြီးဌာန၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း GEC မှ ထည့်ဝင်ငွေ (၄၅)သိန်းဖြင့်သာ စတင်ခဲ့ကြောင်း ဝန်ကြီး ဌာန၏ တင်ပြစာအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ စတင်ဖွဲ့စည်းတာ ခက်တာမှတ်လို့ ကိုယ့်ပစ္စည်း၊ ကိုယ့်ငွေ၊ ကိုယ့်မြေ ဘာမျှထည့်ဝင်မှု မရှိခဲ့ကြောင်း ဝန်ကြီးဌာနအစီရင်ခံစာအရ သိရှိရပြီးတော့ ဖျက်တာကျ ခက်သွားပါပြီ။ လုပ်ငန်းဆောင်ရွက်ချုပ်ဆိုထားသော ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ဆက်နွှယ်သော ဝန်ထမ်းများအတွက်လည်း ထည့်သွင်းစဉ်းစားရန်လည်း ကော်မတီက တင်ပြထားသလို ကော်မတီ၏ အစီရင်ခံစာသည်လည်း ကြားဖြတ်အစီရင်ခံစာ ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီး ဌာန အကြီးအကဲများ၊ စာရင်းအင်းပညာရှင်များ၊ ဥပဒေပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ သက်ဆိုင်ရာကုမ္ပဏီများမှ ပွင့်လင်းမြင်သာစွာ ပူးပေါင်း ဆောင်ရွက်မည်ဆိုပါက အလျင်အမြန်ဖျက်သိမ်းမှုဟာ ပြီးစီးနိုင်မယ်လို့ ယုံကြည်ပါကြောင်း အကြံပြု ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ**။ ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၀။**

**ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ MICA နှင့် ပတ်သက်ပြီးတော့ ကြားဖြတ်အစီရင်ခံစာအပေါ် ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီ MICA နှင့်ပတ်သက်လို့ စိုက်၊ မွေး၊ ရေနှင့်ပတ်သက်လို့ ကျွန်တော်တို့က လွှတ်တော်စပြီဆိုကတည်းက ဒီနေ့အထိ လေ့လာဆဲ မျက်ခြည်မပြတ်ကျွန်တော်တို့ စောင့်ကြည့်ဆဲပါပဲ။ အဲဒီလို စောင့်ကြည့်တဲ့အခါမှာ ကျွန်တော် ဒီနေရာမှာ နှစ်ချက်ဆွေးနွေးသွားချင်ပါတယ်။

ပထမတစ်ချက်က ဘာလဲဆိုရင် ကျွန်တော်တို့ ဒီ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့ အစီရင်ခံစာမှာ တစ်ချက်ဆိုထားပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (MICA)အနေဖြင့် အဖွဲ့အစည်းက ပီပီပြင်ပြင်ဖွဲ့စည်းခြင်း၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း၊ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ဆောင်ရွက်နိုင်ခြင်း မရှိဘူးလို့ ဆိုတယ်။ အဲဒီ အစီရင်ခံစာကို ဘယ်သူက ထောက်ခံလိုက်သလဲဆိုတာ ဒီနေ့သွားစိစစ်တဲ့ အဖွဲ့က တွေ့ရှိချက်တွေကို ချပြလိုက်တာဖြင့် ထောက်ခံတာတွေ့ရတယ်။ အဲဒီဟာကိုလည်း ကျွန်တော် ဒီအဖွဲ့ကို ကျေးဇူးတင်ပါတယ်။ ဒါဘာဖြစ်လို့လဲ MICA ကြီးက ဒီလိုကြီးပါလားဆိုတာကို တိုင်းပြည်လည်း သိတယ်။ ပြည်သူလည်း သိတယ်။ လွှတ်တော်ကိုယ်စားလှယ်များလည်း သိသွားတဲ့အတွက် ဒီအချက်ကို ကျွန်တော် ကြိုဆို ထောက်ခံပါတယ်။

ဒုတိယတစ်ချက်။ ဒုတိယတစ်ချက်က ဘာလဲဆိုတဲ့အခါမှာ ကျွန်တော်တို့က ဒီ MICA နှင့်ပတ်သက်လို့ အဆို တင်သွင်းစဉ်အခါကလည်း ကျွန်တော်တို့ ဘာပြောခဲ့သလဲဆိုတော့ MICA သည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အကျိုးမပြုဘဲ လူတစ်စုလက်ဝါးကြီးအုပ် ခြယ်လှယ်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းကြောင့် အဆိုပါ MICA အဖွဲ့ကို ဖျက်သိမ်းပြီးလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့် သိမ်းဆည်းရယူထားသော စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများကို မည်ကဲ့သို့ စီမံခန့်ခွဲထားကြောင်းနှင့် ရရှိခဲ့သည့် ငွေကြေးစီမံခန့်ခွဲမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးရန် ဆိုတဲ့ဟာကို ကျွန်တော်တို့က ထောက်ခံမဲ (၁၄၀)၊ ကန့်ကွက်မဲ (၅၀)၊ ကြားနေမဲ မရှိနဲ့ ကျွန်တော်တို့ ဒါကြီးက အတည်ပြုခဲ့တာ။

အဲဒီ အတည်ပြုခဲ့တာကြီးကို ဒီနေ့ ဝန်ကြီးဌာနအနေနဲ့ ဘာတွေလုပ်နေလဲ။ MICA အနေနဲ့ရော ဘာတွေလုပ်နေသလဲ။ အဲဒီနေရာမှာ ကျွန်တော်တို့ ဒီကော်မတီက တစ်ချက်ထောက်ပြရမှာ အကြံပြုချက်မှာ တစ်ချက်ထောက်ပြတယ်။ ကျန်တဲ့ အကြံပြုချက်တွေတော့ မပြောလိုတော့ပါဘူး။ ဒါ ကျန်တဲ့ အကြံပြုချက်တွေက နည်းနည်းဟိုဘက်ဒီဘက်တွေ ရေးထားတာတွေလားလို့။ ကျွန်တော်စဉ်းစားမိ

တဲ့အတွက် ဒီတစ်ချက်ကိုပဲ ကျွန်တော်ထောက်ပြချင်ပါတယ်။ MICA စတင်ဖွဲ့စည်းရာတွင် ပါဝင်ကြသူများသည် ဌာနမှပုဂ္ဂိုလ်အများစု ပါဝင်ကြပြီး MICA ဖျက်သိမ်းရန်လည်း ဌာနမှ ပုဂ္ဂိုလ်များသာပင် ပါဝင်နေသေးတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၄-၂-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၇)ဖြင့် ဖွဲ့စည်းခဲ့သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး ကြီးကြပ်မှုကော်မတီကို ပြန်လည်သုံးသပ်ဖွဲ့စည်းသင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း ဒါ ကျွန်တော်ထောက်ခံတယ်။

ဒါ ကော်မတီရဲ့ ဒီလုပ်သွားတဲ့ လုပ်ရပ်ကိုထောက်ခံတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဖွဲ့ထားတဲ့ အဖွဲ့က သူပြောသလိုပဲ။ ဌာနဆိုင်ရာတွေ ပြန်ပြီးတော့ ပြန်ဖွဲ့နေတာ ဖြစ်တဲ့အတွက် ကျွန်တော်နိဂုံးချုပ်ပါမယ်။ ရှေ့က ပြောတဲ့သူတွေလည်း တော်တော်ပြောသွားတယ်။ ကျွန်တော်တို့ ဒီဟာကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ ငယ်ငယ်က ရုပ်ရှင်အနုပညာရှင်ကြီး ဖိုးပါကြီး နှစ်ကိုယ့်တစ်စိတ် ကသွားသလိုပဲ တစ်ဖက်က မိန်းမရုပ်ကိုတင် တစ်ဖက်ကဆား ဘောင်းဘီ တစ်ဖက်ကဝတ်၊ ထဘီတစ်ဖက်က ဝတ်ပြီးတော့ လက်နဲ့တွဲကနေသလိုဖြစ်တဲ့ ဖျက်သိမ်းရေးကော်မတီ ဖြစ်တယ်။ ဒီ ဖျက်သိမ်းရေးကော်မတီကို ကျွန်တော်တို့က ပီပီပြင်ပြင်ဖွဲ့ပေးပါလို့ ထောက်ခံဆွေးနွေးရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းခဲ့သည့် "MICA (Myanmar International Cooperation Agency)" အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး တင်သွင်းသည့် "MICA (Myanmar International Cooperation Agency)" အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၇။**

**ဦးသိမ်းဆွေ(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ဒီကနေ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းခဲ့တဲ့ MICA (Myanmar International Cooperation Agency) အဆိုနဲ့ စပ်လျဉ်းပြီးတော့ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးကို ကွင်းဆင်းလေ့လာစိစစ်ပြီးတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ကနေပြီးတော့ ကြားဖြတ်အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။

ဒီကြားဖြတ်အစီရင်ခံစာကို ကိုယ်စားလှယ်တော်ကြီးတွေအနေနဲ့ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးခဲ့ကြပြီး ဖြစ်ပါတယ်။ ဆွေးနွေးအကြံပြုပေးခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီးများဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း တို့ကို ကျေးဇူးဥပကာရ တင်ရှိပါကြောင်းနှင့် ကိုယ်စားလှယ်တော်ကြီးများရဲ့ အကြံပြု ဆွေးနွေးချက်များကို ကောင်းစွာ မှတ်သားထားပြီးတော့ ဝန်ကြီးဌာနမှ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များနဲ့ တွေ့ဆုံတဲ့အခါမှာ၊ ကွင်းဆင်းစိစစ်တဲ့အခါမှာ မေးမြန်းဖို့အတွက်၊ စိစစ်ဖို့အတွက် အချက်အလက်ကောင်းများရရှိဖို့ အထောက်အပံ့တွေ၊ နည်းလမ်းတွေ အများကြီးရရှိတယ်ဆိုတာကို တင်ပြချင်ပါတယ်။ အဲဒီလို အထောက်အပံ့တွေ၊ နည်းလမ်းတွေ အများကြီးရရှိတဲ့အတွက်လည်း ကော်မတီရဲ့ကိုယ်စား ထပ်လောင်းကျေးဇူးတင်ရှိရပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတွေ အားလုံးဟာ ဥပဒေပြုတဲ့ အခန်းကဏ္ဍကို အားစိုက် လုပ်ဆောင်နေရင်းနှင့် အုပ်ချုပ်ရေးကဏ္ဍနဲ့ တရားစီရင်ရေးကဏ္ဍတွေကို ထိန်းညှိနေရတဲ့ တာဝန်များကိုလည်း ထမ်းဆောင်နေရတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ကြိုးပမ်းအားထုတ်ခဲ့ကြတဲ့ ဒေသလိုအပ်ချက်တွေ၊ တိုင်းပြည်အတွက် နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် လွှတ်တော်ထဲမှာ မေးမြန်းခဲ့တဲ့ မေးခွန်းတွေ၊ အဆိုတွေကို ကျွန်တော်တို့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက တာဝန်ယူပြီးတော့ စိစစ်ကွင်းဆင်းပြီး နိုင်ငံတော် အကျိုးအတွက် လွှတ်တော်မှာ အကြံပြု သုံးသပ်ချက်တွေနဲ့ တင်သွင်းပေးခဲ့ရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီရဲ့ စိစစ်သုံးသပ်ချက်တွေ၊ စိစစ်တွေ့ရှိချက်တွေ၊ သုံးသပ်အကြံပြုချက်တွေဟာ လုပ်ငန်းတစ်ခုချင်း၊ ဘာသာရပ်တစ်ခုချင်းတိုင်းမှာ ပြည့်စုံလုံလောက်ပြီလို့ မယူဆပါဘူး။

ဒါပေမဲ့ ကော်မတီအနေနဲ့ နိုင်ငံတော်အတွက်၊ နိုင်ငံသူနိုင်ငံသားတွေ အကျိုးအတွက် အတတ် နိုင်ဆုံး ကြိုးပမ်းအားထုတ်ထားတယ်ဆိုတာကိုတော့ အစီရင်ခံစာကို ဖတ်ရှုပြီး သုံးသပ်နိုင်ပါတယ်။

ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီးတွေရဲ့ အကြံပြုချက်တွေကို ဖိတ်ခေါ်တောင်းခံပြီး တော့ လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့၊ ပြင်ဆင်နိုင်ဖို့ ဖြစ်ပါတယ်။ ဒီအတွက် ဆွေးနွေးပေးကြတဲ့ ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ကြိုးပမ်းအားထုတ်ပေးမှုကိုလည်း ကော်မတီမှ မှတ်တမ်းတင်အပ်ပါ တယ်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်၊ တတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ အဆိုရှင် နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး က ဒီအဆိုကို တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ အဆို တင်သွင်းပြီးတဲ့နောက်မှာ တတိယပုံမှန်အစည်းအဝေးဟာ ပြီးဆုံးခဲ့ပါတယ်။ ဒုတိယအကြိမ် အမျိုးသား လွှတ်တော်၊ စတုတ္ထပုံမှန်အစည်းအဝေးမှာ နော်ခရစ္စထွန်း ရဲ့ အဆိုကို ကိုယ်စားလှယ်ကြီး တွေဟာ ဆွေးနွေးတင်ပြခဲ့ကြတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးတွေရဲ့ ဆွေးနွေးချက်တွေ၊ ကော်မတီ ရဲ့ စိစစ်တွေ့ရှိချက်တွေကို မေးမြန်းစိစစ်ပြီးမှ အထောက်အထား ခိုင်လုံစွာရရှိပြီးမှ စိစစ်တွေ့ရှိချက် တွေ၊ သုံးသပ်အကြံပြုချက်များကို အစီရင်ခံစာ ရေးသားတင်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီနေရာမှာ တစ်ခု လောက် ကျွန်တော်တို့ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ဆွေးနွေးကြတဲ့အခါမှာ ကြားသိရတာတွေ၊ တစ်ဆင့်ကြားစကားတွေ၊ အထောက်အထား မခိုင်လုံတာတွေကိုတော့ ကျွန်တော်တို့ ထည့်သွင်း သုံးသပ်ခြင်း ကျွန်တော်တို့ မပြုခဲ့ပါဘူး။

တစ်ဆက်တည်းမှာပဲ ခုနက ဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီးတွေအနေနဲ့လည်း ပြည့်စုံလုံလောက်စွာ ဆွေးနွေးသွားကြတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ ထပ်မံပြီး ဒီအပေါ်မှာ တစ်ခုချင်း ဆွေးနွေးဖို့ဆိုတာ အချိန်မလုံလောက်တဲ့အတွက် ကျွန်တော်တို့ တစ်ဦးချင်းစီကို ကျွန်တော် တို့ မဆွေးနွေးတော့ပါဘူး။ ကော်မတီမှာတော့ သီးခြားဆွေးနွေးဖို့အတွက် အစီအစဉ် ရှိပါတယ်။ ဆွေးနွေးသွားတဲ့ ကိုယ်စားလှယ်တော်ကြီးတွေထဲက တစ်ဦးဆွေးနွေးသွားတဲ့ အထဲထဲမှာတော့ ကုမ္ပဏီတွေကို လုပ်ငန်းတွေ သွားရောက်တဲ့အခါမှာ ကော်မတီက သွားရောက်ကွင်းဆင်းစိစစ်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနက ပုဂ္ဂိုလ်တွေ မပါဝင်ဘူးဆိုတဲ့အပိုင်းကတော့ ကျွန်တော်တို့ နည်းနည်းလွဲ ချော်သွားမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ သွားရောက်တဲ့အခါမှာ ပထမဆုံး ဒီ ကော်မတီအနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးဆီကို တင်ပြပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကမှတစ်ဆင့် ခွင့်ပြုချက်ရပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကို ကျွန်တော်တို့ အကြောင်းကြားပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ရှိတဲ့၊ တာဝန်ခံနိုင်တဲ့ ပုဂ္ဂိုလ်တွေကိုပါ ခေါ်ယူပြီးတော့မှ ကျွန်တော်တို့ ခုနက လုပ်ငန်းခွင်တွေ၊ ကုမ္ပဏီတွေ ဒါတွေကို သွားရောက်ပြီးတော့ ကွင်းဆင်းစိစစ်တာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ဆွေးနွေးချက်တွေကို ကျွန်တော်တို့ အလေးအနက်ထားပါ တယ်။ အဲဒီလို အလေးအနက်ထားတဲ့အတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူဖြေရှင်း ပြောကြားနိုင်တဲ့၊ ဖြေရှင်းပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အဆိုရှင်၊ ဆွေးနွေးကြတဲ့ ကိုယ်စားလှယ်ကြီး

တွေကိုလည်း ကျွန်တော်တို့ ကော်မတီရုံးမှာ တွေ့ဆုံမေးမြန်းဆွေးနွေးခွင့် ကျွန်တော်တို့ ပြုနိုင်အောင် ကျွန်တော်တို့ စီစဉ်ပေးခဲ့ပါတယ်။ အဲဒီအတွက်လည်း အထောက်အထားတွေ အများကြီး ကျွန်တော်တို့ အထောက်အပံ့ကောင်းတွေ ရရှိခဲ့ပါတယ်။ အခုလည်း ဆွေးနွေးပေးခဲ့ကြတဲ့ ကိုယ်စားလှယ်တော်ကြီး တွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူဖြေကြားပေးနိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဒီ ဆဋ္ဌမပုံမှန်အစည်းအဝေး မပြီးဆုံးခင်မှာ တွေ့ဆုံမေးမြန်း ဆွေးနွေးနိုင်ဖို့ ကျွန်တော်တို့ စီစဉ်ကြိုးစားပေးမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး တင်သွင်း ခဲ့သည့် MICA (Myanmar International Cooperation Agency) အဆိုနှင့်စပ်လျဉ်း၍ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းသို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် အစိုးရ၏ အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ကြားဖြတ်အစီရင်ခံစာကို အမျိုးသား လွှတ်တော်မှ သဘောတူလက်ခံပေးပါရန် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀) ကျွန်တော် ဦးသိမ်းဆွေ မှ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ**။　　။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး တင်သွင်းခဲ့သည့် "MICA (Myanmar International Cooperation Agency)"အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး သို့ ကွင်းဆင်းလေ့လာစိစစ်ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူသူ ရှိပါသလားခင်ဗျား။

သဘောမတူသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာ အားကာမိုး တင်သွင်းခဲ့သည့် "MICA(Myanmar International Cooperation Agency) " အဆိုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးသို့ ကွင်းဆင်းလေ့လာ စိစစ် ခဲ့သည့် ကြားဖြတ်အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၂၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက် နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး (၁၆)ရက် မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၂း၂၄ နာရီအချိန်တွင် ရပ်နားပါသည်။]